# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၁၉)၊ ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက်၊ ၁၅-၇-၂၀၂၆၊ ဗုဒ္ဓဟူးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## ယနေ့ ဖတ်စရာ


နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ(၁/၂၀၂၆-၂၀၂၇) အစည်းအဝေး ကျင်းပ

စာမျက်နှာ » ၄

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့ကျင်းပ

စာမျက်နှာ » ၅

၂၀၂၆ ကမ္ဘာ့ဖလား ချန်ပီယံဆုကို အာဂျင်တီးနားအသင်း ဆွတ်ခူးသွားမည်ဟု စူပါကွန်ပျူတာ ခန့်မှန်း

စာမျက်နှာ »၁၁


## ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်း သက်ငယ်သင်တန်းကျောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစင်တာနှင့် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းတို့အား ကြည့်ရှုစစ်ဆေး



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစင်တာရှိ စက်ချုပ်ခန်း၌ လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။


နေပြည်တော် ဇူလိုင် ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါ်စန်းစန်းနွယ်၊ ဒေါက်တာသန့်ဇော်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ မသန်စွမ်းကလေးများပြုစုစောင့်ရှောက်ရေးဂေဟာ၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းနှင့် အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နံနက်ပိုင်းတွင် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးနှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ်ရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းသို့ ရောက်ရှိကြရာ

စာမျက်နှာ ၃ သို့ ☆

## မုတ်သုံလေအားကောင်းနေခြင်းကြောင့် ယနေ့နံနက်မှ ဇူလိုင် ၂၀ ရက်အတွင်း နေရာကွက်၍ မိုးကြီးနိုင်




ယနေ့နံနက်မှ ၁၆-၇-၂၀၂၆ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ

နေပြည်တော် ဇူလိုင် ၁၄

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့် ယနေ့နံနက်မှ ဇူလိုင် ၂၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှု အန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ ဘဘော်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

မိုး/ဓလ

## ဝါစိုက်တောင်သူများနှင့် ဝါမျိုးစေ့ထုတ်ရောင်းချသူများ လိုက်နာရန် သတိပေးထုတ်ပြန်ခြင်း

အထွက်နှုန်းကောင်းပြီး အရည်အသွေးမီသည့် နိုင်ငံခြားစပ်မျိုးဝါ စိုက်ပျိုးသူ တောင်သူများအတွက် စပ်မျိုး ဝါမျိုးစေ့များ ရောင်းချရာတွင် စပ်မျိုး F1 အဆင့် မျိုးစေ့ကိုသာ ဖြန့်ဖြူးရောင်းချရမည်ဖြစ်ပြီး ၎င်းစပ်မျိုး F1 ကို စိုက်ပျိုး၍ ရရှိလာသော F2 အဆင့် မျိုးစေ့များကို ဖြန့်ဖြူးရောင်းချခြင်းမပြုရန် ညွှန်ကြားချက်ကို ဝါမျိုးစေ့ထုတ်ရောင်းချသူများ သိရှိပြီး ဖြစ်ပါသည်။ ထို့အတူ ၎င်းစပ်မျိုးဝါ F2 မျိုးစေ့များကို တောင်သူများက အသုံးပြုထပ်မံစိုက်ပျိုးခြင်းမပြုရန်၊ ဝါစိုက်တောင်သူများအား အသိပညာပေး ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါသည်။

၎င်းအပြင် စပ်မျိုးဝါ F2 မျိုးများကို အသုံးပြုစိုက်ပျိုးပါက အောင်မြင်ဖြစ်ထွန်းမှု မရှိသည်ကို သိရှိထားပြီး မျိုးစေ့ဥပဒေ (၂၀၁၅)တွင်လည်း မှတ်ပုံတင်ထားခြင်းမရှိသော မျိုးစေ့များ ရောင်းချခြင်းမပြုရန် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

သို့ဖြစ်ပါ၍ ဝါမျိုးစေ့ထုတ်ရောင်းချသူများနှင့် ဝါစိုက်တောင်သူများသည် စပ်မျိုးဝါ F2 မျိုးစေ့များအား ဖြန့်ဖြူးရောင်းချခြင်း၊ အသုံးပြုစိုက်ပျိုးခြင်း မပြုပါရန် သတိပေးထုတ်ပြန်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၄**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၆ ခုနှစ် ၊ ဇူလိုင် ၁၅ ရက် ၊ ဗုဒ္ဓဟူးနေ့။
မန္တလေး နေ့စဉ်

## ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇူလိုင် ၁၂ ရက် မွန်းလွဲပိုင်းတွင် မင်းဘူးမြို့မှ မြို့မိ၊ မြို့ဖများနှင့် တာဝန်ရှိသူများအား မင်းဘူးမြို့သာသနာ့ဗိမာန်တော်၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

မင်းဘူးမြို့သည် ယခင်က မြစ်ကူးတံတားမရှိသဖြင့် သွားလာရေးခက်ခဲခဲ့ပြီး ရေဝတီမြစ်ကူးတံတားကြီး ဖွင့်လှစ်ပြီးနောက်ပိုင်းတွင် မကွေးမြို့နှင့် တစ်ဆက်တည်းဖြစ်ခဲ့ကာ ဖွံ့ဖြိုးတိုးတက်သည့်မြို့တစ်မြို့ဖြစ်လာခဲ့သည်။

နိုင်ငံတော်သမ္မတက ပြောကြားရာတွင် မင်းဘူးမြို့သည် ရေဝတီမြစ်အနောက်ဘက်ခြမ်းတွင် နောင်တော်မြို့တစ်မြို့ကဲ့သို့ ဖြစ်နေပြီး နီးစပ်ရာမြို့များအနေဖြင့် မင်းဘူးမြို့ကို အားကိုးနေရကြောင်း၊ အချက်အချာကျသည့် မြို့တစ်မြို့ဖြစ်သည့်အတွက် ခရိုင်အတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးတွင် စံပြဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မင်းဘူးမြို့သည် ပညာရေးအားကောင်းသည့် မြို့တစ်မြို့ဖြစ်ပြီး ယခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင်လည်း နိုင်ငံတော်အဆင့် အောင်မြင်မှုရရှိသူများ အများအပြားထွက်ပေါ်ခဲ့ကြောင်း၊ ပညာရေးတွင် အစကောင်းမှအနှောင်းသေချာမည် ဖြစ်သဖြင့် သင်ကြားရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် အခြေခံမှစ၍ ကောင်းမွန်အောင် ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ မိမိတို့အစိုးရအနေဖြင့် KG+9 အထိ မသင်မနေရပညာရေးစနစ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပြီး ပညာရေးကိုအားပေးမြှင့်တင်ရေး ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေးအားနည်းမှုများကြောင့် လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ နိမ့်ကျစေနိုင်သကဲ့သို့ နိုင်ငံတော်အတွက်လည်း များစွာနစ်နာစေနိုင်ကြောင်း၊ အတန်းပညာရှိမှသာလျှင် အတတ်ပညာများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ စာဖတ်ခြင်းအားဖြင့် ဗဟုသုတနှင့်ရသများကို ရရှိစေနိုင်မည်ဖြစ်ပြီး အသိအမြင်နှင့် စဉ်းစားဆင်ခြင်နိုင်စွမ်း၊ ဝေဖန်ပိုင်းခြား ဆုံးဖြတ်နိုင်စွမ်းများလည်း မြင့်မားလာစေမည်ဖြစ်ကြောင်း၊ အတန်းပညာအားဖြင့် အားနည်းရုံသာမက စာဖတ်ခြင်းသည်လည်း အားနည်းမည်ဆိုပါက ဘဝရှင်သန်ရပ်တည်မှုတွင် ခက်ခဲစွာ ရုန်းကန်နေရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့အစိုးရအနေဖြင့် ကျောင်းပညာရေးအား အဓိကပံ့ပိုးအားပေးဆောင်ရွက်လျက်ရှိသည့်အပြင် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများကိုလည်း အားဖြည့်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

နိုင်ငံတော်သမ္မတက ဆက်လက်ပြောကြားရာတွင် မင်းဘူးမြို့သာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးစသည့် မြို့ပြတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူတစ်ဦးချင်းစီ ဝင်ငွေကောင်းမွန်ရန် လိုအပ်သကဲ့သို့ စီးပွားရေးလုပ်ငန်းများ ကောင်းမွန်အောင် ဆောင်ရွက်နိုင်ရေးအတွက်လည်း စီမံပေးကြရမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဝါစိုက်ပျိုးဖြစ်ထွန်းကြောင်း၊ ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့ ဆွေးနွေးပွဲကို ဇူလိုင် ၁၁ ရက်တွင် စတင်ကျင်းပပြုလုပ်ခဲ့ပြီး ယနေ့တွင် မိမိအနေဖြင့် သွားရောက်အမှာစကားပြောကြားခဲ့ကြောင်း၊ မကွေးတိုင်းဒေသကြီးတွင် ဝါကိုများစွာစိုက်ပျိုးကြကြောင်း၊ ဝါစိုက်ပျိုးမှုကို ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်ပြီး ဝါဂွမ်း၊ ချည်နှင့် ချည်ထည်များအဖြစ် စက်မှုလုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်ကြောင်း၊ အလားတူ ဝါစေ့မှ ဝါစေ့ဆီကို ထုတ်လုပ်ပြီး တိရစ္ဆာန်အစာများအဖြစ် အသုံးပြုနိုင်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် ဒေသတွင်နေထိုင်သူများက ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများကို အခြေခံ၍ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် အတန်းပညာနှင့် အတတ်ပညာများရှိပြီး မိမိခြေထောက်အပေါ် မိမိရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး) ပါမောက္ခချုပ် ဒေါက်တာထွန်းတင်ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး) ဒေါက်တာမိုးခိုင်ကို ကုသရေးဦးစီးဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပါမောက္ခချုပ် (ဆေးရုံအုပ်ကြီး/ကုသရေး)အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## သံအမတ်ကြီး ဦးမင်းသိမ်းအား ကူဝိတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် ဇူလိုင် ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဩစတြီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် ဗီယင်နာမြို့အခြေစိုက် ကုလသမဂ္ဂနှင့်နိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးမင်းသိမ်းအား ကူဝိတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

## ကညန ယာဉ်သက်တမ်းတိုးဝန်ဆောင်မှုအတွက် Online Booking ဖြင့် ကြိုတင်ရက်ချိန်းရယူနိုင်

**မန္တလေး ဇူလိုင် ၁၄**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ကညန) ၏ ယာဉ်သက်တမ်းတိုးဝန်ဆောင်မှုကို အသုံးပြုမည့် ပြည်သူများအနေဖြင့် Online Booking စနစ်ဖြင့် ကြိုတင်ရက်ချိန်းရယူကာ သတ်မှတ်ထားသည့် နေ့ရက်နှင့် အချိန်အတိုင်း ယာဉ်စစ်ဆေးမှု လာရောက်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အဆိုပါစနစ်ကို ၂၀၂၆ ခုနှစ် ဇူလိုင် ၂၀ ရက်မှ စတင်ကျင့်သုံးမည်ဖြစ်သည်။

Online Booking စနစ်ကို အသုံးပြုခြင်းဖြင့် ရုံးတွင် စောင့်ဆိုင်းရသည့်အချိန်ကို လျှော့ချနိုင်ပြီး သတ်မှတ်ထားသည့် အချိန်အတိုင်း ဝန်ဆောင်မှုရယူနိုင်မည်ဖြစ်ကြောင်း ကညနက ထုတ်ပြန်ထားသည်။

ထုတ်ပြန်ချက်အရ Online Booking ဝန်ဆောင်မှုကို နံနက်ပိုင်းနှင့် နေ့လယ်ပိုင်းဟူ၍ နှစ်ပိုင်းခွဲကာ ဆောင်ရွက်ပေးမည်ဖြစ်သည်။ နံနက်ပိုင်းတွင် နံနက် ၇ နာရီမှ ၁၂ နာရီအထိ အချိန်ပိုင်းလေးပိုင်းခွဲ၍ ယာဉ်အစီးရေ ၁၇၅ စီးစီ၊ စုစုပေါင်း အစီး ၇၀၀ ကို လက်ခံဆောင်ရွက်ပေးမည်ဖြစ်သည်။

နေ့လယ်ပိုင်းတွင် နေ့လယ် ၁ နာရီမှ ညနေ ၄ နာရီအထိ အချိန်ပိုင်းသုံးပိုင်းခွဲကာ ပထမနှင့် ဒုတိယအချိန်ပိုင်းတွင် ယာဉ်အစီးရေ ၃၅၀ စီးစီ၊ တတိယအချိန်ပိုင်းတွင် အစီး ၂၅၀ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး စုစုပေါင်း အစီး ၉၅၀ အထိ ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။

ယာဉ်ပိုင်ရှင်များအနေဖြင့် Booking အတည်ပြုပြီးနောက် သတ်မှတ်ထားသည့် စာရွက်စာတမ်းများနှင့်အတူ သတ်မှတ်စစ်ဆေးရေးဌာနသို့ သတ်မှတ်ရက်တွင် လာရောက်ကာ ယာဉ်သက်တမ်းတိုးလုပ်ငန်းစဉ်ကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် Booking ရယူနိုင်သည့် လုပ်ထုံးလုပ်နည်းများနှင့် အသေးစိတ်အချက်အလက်များကို ကညန၏ တရားဝင်ထုတ်ပြန်ချက်များမှတစ်ဆင့် စုံစမ်းနိုင်ကြောင်း သိရသည်။

**ရွှေမန်း**

ဝ-ဝ-ဝ-ဝ-ဝ
ဝ-ဝ-ဝ-ဝ
ဝ-ဝ-ဝ

## နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**မြင်းမူ ဇူလိုင် ၁၄**

မြင်းမူမြို့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ မြင်းမူမြို့ပေါ်ရှိ အခြေခံပညာကျောင်းများသို့ အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်များကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

မြင်းမူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းလှိုင်နှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ကျား ၁၉ ဦး၊ မ ၈ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၇ ဦးအား အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်များကို နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့သည်။

**နေလင်းအောင်**

**(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ

## အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**နောင်ချို ဇူလိုင် ၁၄**

နောင်ချိုမြို့အတွင်းရှိ စာသင်ကျောင်းမုန့်ဈေးတန်းများ၊ အများပြည်သူဆိုင်ရာဈေးများတွင် အစားအသောက်ရောင်းချသည့်ဆိုင်များတွင် ဘေးအန္တရာယ်ဖြစ်စေသော အစားအသောက်များ ရောင်းချခြင်းများမရှိစေရေး၊ ကင်ဆာဖြစ်စေသော ဓာတုဆိုးဆေးများ အသုံးပြုရောင်းချမှုမရှိစေရေးနှင့် စားသုံးရန်မသင့်သည့် တာရှည်ခံအောင် ပြုလုပ်ထားသော အေးခဲ Ready Made အသားများ ရောင်းချမှုမရှိစေရေးအတွက် ကျန်းမာရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် နောင်ချိုမြို့နယ် စည်ပင်သာယာရေးဌာနဝန်ထမ်းများပူးပေါင်း၍ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**(ဝဲပုံ)**

**(ကဆ)**

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ ရှေ့ဖုံးမှ

အစည်းအဝေးခန်းမ၌ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်က မသန်စွမ်းသက်ငယ် သင်တန်းကျောင်းနှင့် မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာတို့၏ နောက်ခံသမိုင်း၊ ရည်ရွယ်ချက်၊ ဝန်ထမ်းအင်အား၊ ဝင်ဆံ့အင်အားနှင့် လက်ခံစောင့်ရှောက်ထားရှိမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကလေးများအသိပညာ အတတ်ပညာဖွံ့ဖြိုးစေရေး လေ့ကျင့်သင်ကြားနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ချီးမြှင့်ငွေများပေးအပ်ရာ ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် သင်တန်းကျောင်းနှင့် ဂေဟာအတွင်းရှိ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ ဆောင်ရွက်နေမှု၊ အသက်အရွယ်အပိုင်းအခြားအလိုက် စာသင်ခန်းများ၌ သင်ကြားလေ့ကျင့်နေမှု၊ မသန်စွမ်းကလေးငယ်များအား ပြုစုစောင့်ရှောက်ပေးနေမှု၊ ဂေဟာအတွင်းရှိကလေးများ လေ့ကျင့်ဆောင်ရွက်နေသော မေတ္တာစံအိမ် Coffee Shop၊ သင်တန်းကျောင်း အိပ်ဆောင်များနှင့် ထမင်းစားဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မသန်စွမ်းကလေးငယ်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှုတ်ဆက်အားပေးကာ အသက်အရွယ်နှင့်မသန်စွမ်းမှု အမျိုးအစားအလိုက် သင့်လျော်သည့် သင်ကြားရေးအစီအစဉ်များကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အာဟာရပြည့်ဝရေး ဆောင်ရွက်ရန်၊ စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှုနှင့် လုံခြုံဘေးကင်းသော သင်ယူမှုပတ်ဝန်းကျင်ဖန်တီးပေးရန်နှင့် မိဘအုပ်ထိန်းသူများနှင့် ပူးပေါင်းဆောင်ရွက်လျက် မသန်စွမ်းကလေးငယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မသန်စွမ်းသက်ငယ်သင်တန်းကျောင်းနှင့် မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာရှိ မသန်စွမ်းကလေးငယ်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှုတ်ဆက်အားပေးစဉ်။

မသန်စွမ်းသက်ငယ် သင်တန်းကျောင်းကို ကလေးငယ်များ အမှီအခိုကင်းစွာ လူမှုဘဝအတွင်း ရပ်တည်နိုင်စေရေးအတွက် ၁၉၇၁ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုနှစ်တွင် အသက်အရွယ်အပိုင်းအခြားအလိုက် မသန်းစွမ်းကလေးငယ် ၂၅၀ ကို ပြုစုပျိုးထောင်သင်ကြား လေ့ကျင့်ပေးလျက်ရှိသည်။

ထို့မှတစ်ဆင့် ကမာရွတ်မြို့နယ်ရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစင်တာသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ စင်တာတာဝန်ခံက ကျောင်းတွင်း လုပ်ငန်းများနှင့် ပြင်ပလုပ်ငန်းများတွင် အလုပ်အကိုင်များ နေရာချထားပေးမှုအခြေအနေ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် အခြေအနေများ၊ စင်တာ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ ချီးမြှင့်ငွေများပေးအပ်ရာ ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ်က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် စင်တာအတွင်းရှိ ရက်ကန်းအလုပ်ရုံနှင့် စက်ချုပ်ခန်းတို့၌ လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်နေမှု၊ အရောင်းဆိုင်တွင် လက်မှုချည်ထည်အသုံးဆောင်ပစ္စည်းများ ရောင်းချပေးနေမှုနှင့် စင်တာအိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်က ချမှတ်ထားသည့် အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများနှင့်အညီ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်ရန်မှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဗဟန်းမြို့နယ်ရှိ အမျိုးသမီးသက်မွေး အတတ်ပညာ သင်ကျောင်းသို့ရောက်ရှိကြပြီး အဆိုပါကျောင်းရှိ အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးက ကျောင်း၏ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး ချီးမြှင့်ငွေများပေးအပ်ကာ ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗဟန်းမြို့နယ်ရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းသို့ ရောက်ရှိပြီး ကျောင်းဝင်းအတွင်း သင်ကြားပေးလျက်ရှိသည့် မိန်းမဝတ်အခြေခံ/အဆင့်မြင့် စက်ချုပ်သင်တန်း၊ အိမ်တွင်းစီမံခန့်ခွဲမှုသင်တန်း၊ ပန်းအလှပြင်သင်တန်း၊ ပလတ်စတစ်ခြင်းထိုးသင်တန်း၊ မုန့်မျိုးစုံပြုလုပ်သည့် သင်တန်းတို့၌ သင်ကြားလေ့ကျင့်နေမှု အခြေအနေနှင့် စံပြရင်သွေးအိမ် မူကြိုကျောင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သင်တန်းများကို ခေတ်နှင့်အညီ လက်တွေ့ကျွမ်းကျင်မှုကို အလေးထားသင်ကြားပေးရန်၊ အလုပ်အကိုင်ရရှိရေးနှင့် ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ထူထောင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ရန်နှင့် အမျိုးသမီးများအား အလုပ်အကိုင် အခွင့်အလမ်းများရရှိစေနိုင်သည့် စျေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော သက်မွေးအတတ်ပညာများကို ထိရောက်စွာသင်ကြားပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်

နေပြည်တော် ဇူလိုင် ၁၄

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန်ကေ့ကဲ့ဝို့၏ ဖိတ်ကြားချက်အရ ဇူလိုင် ၁၃ ရက်မှ ၁၄ ရက်အထိ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ခဲ့သည်။

**ဆွေးနွေး**

ခရီးစဉ်အတွင်း ဇူလိုင် ၁၄ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်အား ဗန်ကောက်မြို့ရှိ အစိုးရအိမ်တော်သို့ သွားရောက်တွေ့ဆုံခဲ့သည်။ ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် နှစ်ပေါင်းရာချီကြာမြင့်သည့် ချစ်ကြည်ရင်းနှီးမှုကို အခြေခံထားသော အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်သည်နှင့်အညီ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားနှင့် စပ်လျဉ်းသည့်ကိစ္စများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စများကို ဆွေးနွေးခဲ့သည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန်ကေ့ကဲ့ဝို့က ထိုင်းနိုင်ငံခြားရေး ဝန်ကြီးဌာန၌ တည်ခင်းဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်မည့်အခြေအနေများ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့များ လျှော့ချရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နယ်စပ်ကုန်သွယ်ရေး မြှင့်တင်ရန် ကိစ္စများကို ဆွေးနွေးခဲ့သည်။

နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး Her Majestry Queen Sirikit နှင့် ထိုင်းနိုင်ငံ တော်ဝင်မင်းသမီး Princess Bajrakitiyabha တို့ ကံတော်ကုန်လွန်ခဲ့ခြင်းအတွက် ဗန်ကောက်မြို့ရှိ ဘုရင့်နန်းတော်တွင် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မောင်းတိုင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား စစ်ဆေး

**သာစည် ဇူလိုင် ၁၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် မောင်းတိုင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇူလိုင် ၁၁ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဦးဇော်မင်းထွန်း၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် ဝန်ထမ်းများက မောင်းတိုင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ)က ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီ ပြီးစီးအောင် အလေးထားဆောင်ရွက်သွားကြရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မောင်းတိုင်ကျေးရွာ၌ အရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ ပေ၊ ထု ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီးရန်ပုံငွေကျပ် ၆၅ ဒသမ ၃၄သန်းဖြင့် ရတနာလမ်း ကုမ္ပဏီမှ ယခုနှစ် ဇွန် ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဆက်လှူ

၀-၀-၀-၀-၀

၀-၀-၀

# ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြုဗဟိုကော်မတီမှ ဗဟိုကော်မတီဝင် သိက္ခာတော်ရဆရာ ဒေါက်တာမောရစ်လျှန်နာနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၄

ပြည်ထောင်စု လွှတ်တော်နာယက ဦးအောင်လင်းဒွေးနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီတို့သည် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမမြောက်နေ့သို့ တက်ရောက်လေ့လာသည့် မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြုဗဟိုကော်မတီမှ ဗဟိုကော်မတီဝင် သိက္ခာတော်ရဆရာဒေါက်တာမောရစ်လျှန်နာနှင့် တွဲဖက်အတွင်းရေးမှူး(၁) သိက္ခာတော်ရဆရာ ဦးစောချစ်မျိုးတို့ ဦးဆောင်သည့်အဖွဲ့အား လွှတ်တော်အစည်းအဝေး ပြီးဆုံးချိန်တွင် ပြည်ထောင်စုလွှတ်တော် (D-ဆောင်)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် သိက္ခာတော်ရဆရာ ဦးစောချစ်မျိုးက သာသနာရေးဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေးအတွက် ခရစ်ယာန်ဂိုဏ်းပေါင်းစုံမှ ကူညီဆောင်ရွက်နေမှုများ၊ မြန်မာပြည်ငြိမ်းချမ်းရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ငြိမ်းချမ်းရေးဆုတောင်းပွဲများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့က ငြိမ်းချမ်းရေးအတွက် မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြုဗဟိုကော်မတီ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ကျေးဇူးတင်ရှိကြောင်း၊ ငြိမ်းချမ်းမှုရှိမှသာလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်မှငြိမ်းချမ်းရေးအတွက် လက်ရှိဆောင်ရွက်နေမှု အခြေအနေများကို ပြန်လည်ရှင်းလင်းပြောကြားသည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြု



ဗဟိုကော်မတီဝင်များက ပြည်ထောင်စုလွှတ်တော်နာယကနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့အား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ (၁/၂၀၂၄-၂၀၂၅) အစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၄-၂၀၂၅)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရုံးအမှတ်(၂၆)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးသန့်အစီအစဉ်ဖြင့် ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စိုက်ပျိုးရေးနှင့် မွေးမြူရေးစီမံကိန်းများ၊ ပြည်ပသို့တင်ပို့မည့် ဆန်စပါး စိုက်ပျိုးရေးဇုန် (Rice Export Zone) စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မှုကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံနှင့် ဝါသီးနှံ စိုက်ပျိုးမှုများ အကောင်အထည်ဖော် ဆောင်ရွက်မှုကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက တိုင်းဒေသကြီး၊ ပြည်နယ်များသို့ MSME ဖွံ့ဖြိုးရေးချေးငွေနှင့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ ထုတ်ချေးထားမှုကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမင်းမင်းက စိုက်ပျိုးရေးနှင့် မွေးမြူရေး ပို့ကုန်ဆောင်ရွက်မှုနှင့် သွင်းအားစု အခြေအနေများကို လည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူးက (၃/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများ ထပ်မံထုတ်ချေးပေးရန်နှင့် ချေးငွေသက်တမ်းတိုးမြှင့်ပေးရန် တင်ပြမှုများအပေါ် ကော်မတီ အဖွဲ့ဝင်များနှင့် တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် လက်တွဲပူးပေါင်းပြီး နိုင်ငံတော်မှ ထောက်ပံ့ပေးသော နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများကို အကျိုးရှိရှိနှင့် ထိရောက်စွာသုံးစွဲနိုင်ရေး စနစ်တကျ ကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လမင်းစီမံချက်ဖြင့် နိုင်ငံသား စိစစ်ရေးကတ်နှင့် UID ကတ်ဆောင်ရွက်ပေးမှု ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၁၄

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ မိတ္ထီလာမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အသက်(၁၀)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်မရရှိသေးသည့် ကျောင်းသား ကျောင်းသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။ (အပေါ်ယာပုံ)

ထို့နောက် နေ့ချင်းပြီး (One Stop Service) ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားကတ်နှင့် UID ကတ်တို့ကို ကာယကံရှင်ကျောင်းသား ကျောင်းသူတစ်ဦးချင်းထံပေးအပ်ပြီး မြို့နယ်ရုံးဝန်ထမ်းများကို ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ကာ ကျောင်းသား ကျောင်းသူများကို အာဟာရမုန့်များ ဝေငှပေးသည်။

ယင်းနောက် မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ မိတ္ထီလာနှင့် ရမည်းသင်းခရိုင်တို့အတွင်းရှိ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ မိတ္ထီလာမြို့နယ်ဦးစီးမှူးရုံး၌



ဝန်ထမ်းများက ဒေသခံပြည်သူများကို လမင်းစီမံချက်ဖြင့် အသက် ၁၈ နှစ်ပြည့်ပြီး အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသူ၊ ပျက်စီး/ ပျောက်ဆုံးသူများကို နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ကောက်ယူဆောင်ရွက်ထုတ်ပေးနေမှု လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် မြို့နယ်ရုံးမှတ်တမ်းခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် ငှက်ပျောပင်များ စုပေါင်းစိုက်ပျိုး

**ကန့်ဘလူ ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ကန့်ဘလူမြို့၊ အမှတ်(၁)ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ငှက်ပျောပင်များ စုပေါင်းစိုက်ပျိုးခြင်းကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်၊မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ ခရိုင်၊မြို့နယ်ဌာနဆိုင်ရာများ၊ ပညာရေးမှူးများနှင့် ဆရာ၊ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ စုပေါင်း၍ အ.ထ.က(၂)ကျောင်းဝင်းအတွင်း ချုံနွယ်များ၊ ပေါင်းမြက်များ၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းကြသည်။

ဆက်လက်၍ ငှက်ပျောပင် စိုက်ပျိုးပွဲကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသက်ဇော်ဦးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများအား ငှက်ပျောပျိုးပင်ပေါက်များ ပေးအပ်ခဲ့ပြီး သတ်မှတ်နေရာ အသီးသီးတွင် စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ထို့ပြင် အ.ထ.က(၂) ကျောင်းတွင် ဆိုလာတပ်ဆင်နိုင်ရန် မြို့မ၊ မြို့ဖ အလှူရှင် ဦးနွေဦးက ငွေကျပ် ၁၀ သိန်း လှူဒါန်းရာ အ.ထ.က(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်မင်းမင်းသန်းက လက်ခံရယူသည်။

အဆိုပါ ငှက်ပျောစိုက်ပျိုးပွဲတွင် တစ်ရှူးငှက်ပျော၊ ဖီးကြမ်းငှက်ပျောပင် စုစုပေါင်း အပင် ၂၀၀ ကို စိုက်ပျိုးခဲ့ကြောင်း၊ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများအား အာဟာရ ကျွေးမွေးနိုင်ရေး ရည်ရွယ်၍ စိုက်ပျိုးခြင်းဖြစ်ကြောင်းနှင့် ငှက်ပျောပင် အပင် ၁၁၀၀ အထိ ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဒေါ်အေးအေးစိုးထံမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

*-*-*-*-*-*-*

*-*-*-*-*

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၅၀ တက်ရောက်သဖြင့် ၉၈ ဒသမ ၂၁ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၂၆)ကို လိုအပ်သော ကာလအပိုင်းအခြားအထိ ဆက်လက်အတည်ဖြစ်စေရေး လွှတ်တော်၏သဘောတူညီချက်ရယူရန်နှင့်စပ်လျဉ်း၍ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးက ၂၀၂၆ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ်(၁/၂၀၂၆) ထုတ်ပြန်ကြေညာသည့် ရက်ပေါင်း ၉၀ ပြည့်မြောက်မည်ဖြစ်သော်လည်း အဆိုပါအမိန့်ဖြင့် အရေးပေါ်အခြေအနေ ကြေညာထားသည့် မြို့နယ်များတွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ပြန်လည်ရောက်ရှိစေခြင်းငှာ ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ်(၁/၂၀၂၆) အရေးပေါ်အခြေအနေကြေညာခြင်း အတည်ဖြစ်သည့်ကာလကို တိုးမြှင့်သတ်မှတ်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၂ ပုဒ်မခွဲ(ဃ)တွင် "နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ထိုဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ကို လိုအပ်သောကာလအပိုင်းအခြားထိ ဆက်လက်အတည်ဖြစ်စေနိုင်သည်"ဟု ပြဋ္ဌာန်းထားပါကြောင်း။

သို့ဖြစ်ပါ၍ အဆိုပါပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ် (၁/၂၀၂၆) ဆက်လက်အတည်ဖြစ်သည့် ကာလတိုးမြှင့်သတ်မှတ်ခြင်းကို ပြည်ထောင်စုလွှတ်တော်က သဘောတူပေးနိုင်ရေး နိုင်ငံတော်သမ္မတ၏ကိုယ်စား အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (World Artificial Intelligence Cooperation Organization) ဖွဲ့စည်းတည်ထောင်ခြင်း သဘောတူညီချက်တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်က AI နည်းပညာသည် လူသားသမိုင်းတစ်လျှောက်တွင် အထူးခြားဆုံး နည်းပညာတစ်ခုအဖြစ် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုပုံစံများကို အသစ်ပုံဖော်နေသည့် နည်းပညာတစ်ရပ်ဖြစ်ပါကြောင်း၊ အလားတူ လူသားများ၏ နေ့စဉ်နေထိုင်စားသောက်မှုကစပြီး နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများအပေါ်တွင်ပါ ကြီးကြီးမားမားပြောင်းလဲသက်ရောက်စေနိုင်သည့် နည်းပညာဖြစ်ပါကြောင်း။



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့ကျင်းပစဉ်။

ယခု ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (World Artificial Intelligence Cooperation Organization)သည် AI နည်းပညာကို ဘေးကင်းလုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ထားသည်ကို တွေ့ရသကဲ့သို့ AI နည်းပညာကို စနစ်တကျမှန်မှန်ကန်ကန် အသုံးပြုနိုင်ရေးနှင့် နည်းပညာသည် လူသားတို့၏ကောင်းကျိုးကိုသာ ဆောင်ကြဉ်းစေရေးအတွက် ရည်ရွယ်ပြီး ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါကြောင်း၊ အဓိကအားဖြင့် AI နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပေါ်ပေါက်လာသည့် လူအများ၏စိုးရိမ်ပူပန်မှုများ လျှော့ချရန်၊ AI ကို လူ့အဖွဲ့အစည်းနှင့် အံဝင်ခွင်ကျဖြစ်သည့် နည်းပညာတစ်ရပ်အဖြစ် ပေါ်ထွန်းလာစေရန်၊ လူမှုပတ်ဝန်းကျင် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် လိုက်လျောညီထွေရှိသည့် မူဘောင်သတ်မှတ်ချက်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ထားသည်ကို တွေ့ရှိရပါကြောင်း။

ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ရည်ရွယ်ချက်များမှာ လူသားဗဟိုပြုချဉ်းကပ်မှုကို လိုက်နာစောင့်ထိန်းရန်နှင့် အဖွဲ့ဝင်အားလုံးအတွက် AI နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ အသုံးပြုမှုနှင့် လက်တွေ့အသုံးချမှုတို့ကို မြှင့်တင်ရန်၊ AI နည်းပညာ အရှိန်အဟုန်မြင့် ဖြစ်ပေါ်တိုးတက်မှုများကို ရှုမြင်လျက် AI နည်းပညာဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရန်နှင့် AI ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပွင့်လင်းမျှတပြီး ခွဲခြားမှုမရှိသည့် ပတ်ဝန်းကျင်တစ်ရပ်ကို ပူးတွဲတည်ထောင်သွားရန်၊ မတူကွဲပြားသည့် AI နည်းပညာကို ပေါင်းကူးနိုင်ရန်၊ AI နည်းပညာများနှင့် ဝန်ဆောင်မှုများကို ပိုမိုကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်ရေး တိုးမြှင့်လုပ်ဆောင်ရန်၊ ခေတ်မီ AI များမှ ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ်များ၊ စိန်ခေါ်မှုများနှင့် သက်ရောက်မှုများကို စုပေါင်းကိုင်တွယ်ဖြေရှင်းရန်တို့ ဖြစ်ပါကြောင်း။

ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အဖွဲ့ဝင်နိုင်ငံများအကြား အုပ်ချုပ်ထောက်ပံ့မှု လိုအပ်ချက်များ ဆောင်ရွက်နိုင်ရေးအတွက် ပလက်ဖောင်းတစ်ခုတည်ထောင်ရန်၊ AI စွမ်းရည်တည်ဆောက်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ AI ဖွံ့ဖြိုးရေးမဟာဗျူဟာများ၊ အုပ်ချုပ်မှုစည်းမျဉ်းများ၊ နည်းပညာစံနှုန်းများနှင့်ပတ်သက်၍ ထိန်းညှိမှုများနှင့် ညှိနှိုင်းမှုများကို တိုးမြှင့်သွားရန်၊ ဆွေးနွေးပွဲများ အဆင်ပြေချောမွေ့စေရန်၊ မူဝါဒဆိုင်ရာ ဘုံသဘောတူညီချက်များ တည်ထောင်ရန်၊ အချင်းချင်းပေါင်းစည်းလုပ်ဆောင်မှု မြှင့်တင်ရန်နှင့် အကောင်းဆုံးလုပ်ငန်းအလေ့အထများကို မျှဝေရန်၊ AI သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ Open-Source စနစ်များ ဖွံ့ဖြိုးရေးတို့တွင် ပူးတွဲကြိုးပမ်းမှုများကို အားပေးအားမြှောက်ပြုရန်၊ ကမ္ဘာလုံးဆိုင်ရာ AI အုပ်ချုပ်မှု မြှင့်တင်ရန်၊ ကုလသမဂ္ဂမူဘောင်အတွင်းရှိ လုပ်ငန်းစဉ်များကို အထောက်အကူပြုရန်နှင့် တိုးမြှင့်လုပ်ဆောင်ရန်၊ အခြားသော နိုင်ငံတကာအဖွဲ့များနှင့် ဆက်ဆံရေးကို ထိန်းသိမ်းရန်၊ သင့်လျော်သော ပူးပေါင်းဆောင်ရွက်မှုပုံစံများကို စူးစမ်းလေ့လာရန်၊ အဖွဲ့၏ လုပ်ငန်းတာဝန်များကို အရပ်ဘက်သုံး AI နည်းပညာကဏ္ဍအတွက်သာ ကန့်သတ်ထားရန်တို့ ဖြစ်ပါကြောင်း။

အခြေခံစည်းမျဉ်းများတွင် အဓိကဖော်ပြထားသည်မှာ ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် ကုလသမဂ္ဂပဋိညာဉ်၏ ရည်ရွယ်ချက်များနှင့် စည်းမျဉ်းများကို လေးစားလိုက်နာပြီး အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာနှင့် ပြည်သူများ၏ မတူကွဲပြားမှုများကို အလေးထားမည်ဟု ဖော်ပြထားပါကြောင်း။

အဖွဲ့ဝင်နိုင်ငံများ၏ နှစ်စဉ်ထည့်ဝင်ထောက်ပံ့ငွေကြေးကို ကောင်စီကသတ်မှတ်မည်ဖြစ်ပြီး ထိုသို့ သတ်မှတ်ရာတွင် သဘောတူညီထားသည့် ငွေကြေးသတ်မှတ်ချက်နှင့် Universal Postal Union တွင် ထည့်ဝင်သည့် ငွေကြေးအချိုးအစားသတ်မှတ်ချက်တို့ကို ထည့်သွင်းစဉ်းစားသွားမည်ဖြစ်သည့်အပြင် အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့် ငွေကြေးထည့်ဝင်နိုင်မှုအခြေအနေတို့ကိုလည်း ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တွင် အခန်း(၁၈)ခန်းပါဝင်ပါကြောင်း၊ ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (World Artificial Intelligence Cooperation Organization)၏ တည်ထောင်ရေးဆိုင်ရာ သဘောတူညီချက်ပါ အချက်အလက်များကို ခြုံငုံကြည့်ပါက လက်မှတ်ရေးထိုးမှုကို ၂၀၂၆ ခုနှစ် မေ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ သတ်မှတ်ထားပြီး အဆိုပါကာလအတွင်း လက်မှတ်ရေးထိုးကြသည့်နိုင်ငံများသည် ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထူထောင်သည့် အဖွဲ့ဝင်နိုင်ငံများ (Founding Members of the Organization) အဖြစ် သတ်မှတ်မည်ဖြစ်ပါကြောင်း။

ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် AI စွမ်းရည် တည်ဆောက်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရေး၊ AI ဖွံ့ဖြိုးရေး မဟာဗျူဟာများ တိုးတက်ရေးတို့ကို လုပ်ဆောင်မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ AI နည်းပညာဖွံ့ဖြိုးရေးအပေါ် များစွာ အထောက်အကူဖြစ်စေမည့် အဖွဲ့အစည်းဖြစ်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေးကို ဦးစားပေးစံနှုန်းများအဖြစ်ထားရှိပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ၏လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အကျိုးရလဒ်ကောင်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ AI နည်းပညာဖွံ့ဖြိုးတိုးတက်မှု အကျိုးကျေးဇူးများကို နိုင်ငံတကာနှင့် တန်းတူညီမျှမျှဝေခံစားနိုင်ခြင်း၊ နည်းပညာဈေးကွက်နှင့် Digital Economy ဖော်ဆောင်မှုတို့တွင် ကမ္ဘာ့နိုင်ငံများနှင့် တန်းတူပူးပေါင်းပါဝင်ခြင်းအားဖြင့် အခွင့်အလမ်းများ ရယူနိုင်ခြင်း စသည်ဖြင့် အကျိုးကျေးဇူးကောင်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

ယခုအချိန်ကာလတွင် ကမ္ဘာ့နိုင်ငံအသီးသီးက လွှတ်တော်အရပ်ရပ်တွင် AI နည်းပညာ၏ အရှိန်အဟုန်နှင့် တိုးတက်လာမှု၊ စိန်ခေါ်မှုများကို အလေးနက်ထား ထည့်သွင်းဆွေးနွေးနေကြပြီး နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြင်ဆင်နေကြပြီဖြစ်ပါကြောင်း၊ ထိုကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွင် ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက်ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၂၆ ခုနှစ်)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၂၆ ခုနှစ်)တို့နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက လက်ရှိကျင့်သုံးလျက်ရှိသည့် ဘဏ္ဍာရေးနှစ်နှင့်အညီဖြစ်စေရေးအတွက် ၂၀၁၈ ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပါ နေ့ရက်များကို ပြန်လည်ပြင်ဆင်ရန် လိုအပ်လာသည့်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၂၆ ခုနှစ်)နှင့် ၂၀၂၀ ပြည့်နှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်နေ့ရက်များကို လက်ရှိကျင့်သုံးလျက်ရှိသည့် ဘဏ္ဍာရေးနှစ်နှင့်အညီ ပြင်ဆင်ရန်လိုအပ်သည့်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၂၆ ခုနှစ်)တို့ကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီအနေဖြင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအပါအဝင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းပြီး လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်သို့တင်သွင်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးနဝမနေ့ကို ဇူလိုင် ၂၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုလွှတ်တော်
ရုပ်သံဖိုင်ကြည့်ရန်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာသင်တန်းသို့ တက်ရောက်အမှာစကားပြောကြား



နေပြည်တော် ဇူလိုင် ၁၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် လွှတ်တော်အဆောက်အအုံ B- Annex သင်တန်းခန်းမ၌ ကျင်းပသည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ပြည်သူ့ငွေစာရင်းကော်မတီနှင့် စပ်လျဉ်းသည့် သင်တန်းသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များအတွက် စွမ်းရည်မြှင့်တင်ရေး ကဏ္ဍကိုဆောင်ရွက်သည့်နေရာတွင် ပြည်သူ့ငွေစာရင်းကော်မတီသည် အရေးပါသည့် အမြဲတမ်းကော်မတီ တစ်ခုဖြစ်ပါကြောင်း၊ ယခုသင်တန်းမှတစ်ဆင့် လွှတ်တော်အခန်းကဏ္ဍ မြင့်မားတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်ကြရန် လိုအပ်ပါကြောင်း၊ လွှတ်တော်ဆိုသည်မှာ ဒီမိုကရေစီလမ်းကြောင်းပေါ်က ရွေးကောက်ပွဲမှတစ်ဆင့် သက်ဆိုင်ရာမဲဆန္ဒနယ်မြေအလိုက် မဲဆန္ဒရှင်ပြည်သူများက ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များ စုစည်းရာနေရာတစ်ခုဖြစ်ပြီး လွှတ်တော်ကော်မတီများက အခြေခံကျသော ဒေါက်တိုင်များဖြစ်ပါကြောင်း။

လွှတ်တော်ကော်မတီများအနက် အရေးပါသည့် အမြဲတမ်းကော်မတီများတွင် ပါဝင်သော ပြည်သူ့ငွေစာရင်းကော်မတီသည် ပြည်သူ့ဘဏ္ဍာငွေကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်နှင့် ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ် တည်ဆောက်ရာတွင် အထောက်အကူပြုသည့် ကော်မတီဖြစ်သည်နှင့်အညီ ယခုသင်တန်းသည် အရေးကြီးဆုံးသင်တန်းတစ်ခုဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးကြသည့်နိုင်ငံများတွင် လွှတ်တော်သည် ဥပဒေပြုရေးကို တာဝန်ယူရသည်သာမက ပြည်သူ့ဘဏ္ဍာကို စောင့်ရှောက်ထိန်းသိမ်းရန်လည်း တာဝန်ရှိပါကြောင်း၊ ပြည်သူများ၏ အခွန်၊ ဝင်ငွေ၊ ချေးငွေနှင့် စုဆောင်းငွေ စသည်တို့ကို လေလွင့်မှုမရှိစေရန်၊ ထိရောက်စွာအသုံးပြုနိုင်ရန်နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်ကို ကူညီစစ်ဆေး စီမံပေးရပါကြောင်း၊ ထို့ပြင် ပြည်သူ့ဘဏ္ဍာငွေများနှင့် ပတ်သက်ပြီး စစ်ဆေးရန်မှာ လွှတ်တော်၏အခြေခံတာဝန်တစ်ရပ်ပင်ဖြစ်ပါကြောင်း၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ အောင်မြင်မှုကို အစိုးရဌာနအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လာခြင်းနှင့် ဘဏ္ဍာငွေ လေလွင့်မှု နည်းပါးလာခြင်းများဖြင့် တိုင်းတာရမည်ဖြစ်ပြီး ပြည်သူများအတွက် ပိုမိုအကျိုးခံစားခွင့်ရရှိလာမည်လည်း ဖြစ်ပါကြောင်း။

နိုင်ငံတကာ လွှတ်တော်များတွင် ဖွဲ့စည်းထားရှိသော ပြည်သူ့ငွေစာရင်းကော်မတီသည် ပွင့်လင်းမြင်သာမှု (Transparency)၊ တာဝန်ခံမှု (Accountability)နှင့် ကောင်းမွန်သောအုပ်ချုပ်ရေး (Good Governance) တို့ကို မြှင့်တင်ပေးသည့်နေရာတွင် အရေးပါသောယန္တရားအဖြစ် သတ်မှတ်ခံထားရပါကြောင်း၊ ယနေ့ခေတ်တွင် ငွေအသုံးဝင်မှုတန်ဖိုး (Value of Money)ဟူသည့် အယူအဆသည် တစ်နေ့ထက်တစ်နေ့ အလွန်အရေးကြီးလာပါကြောင်း၊ ငွေများသည် သုံးစွဲရန်သက်သက်သာမဟုတ်ဘဲ အသုံးစရိတ်များသည် ပြည်သူများအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းမှု ရှိ ၊ မရှိကို ဆက်လက်သုံးသပ်ရမှာဖြစ်ပြီး ၎င်းသည် Performance Audit ၏ အခြေခံသဘောတရားပင်ဖြစ်ပါကြောင်း။

ပြည်သူ့ငွေစာရင်းကော်မတီ အဖွဲ့ဝင်များအနေဖြင့် လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များထဲတွင်ပါရှိသည့်အတိုင်း ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာများအား လေ့လာခြင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဘတ်ဂျက်ရေးဆွဲမှု၊ စီမံကိန်းများ အကဲဖြတ်မှု၊ ဘေးအန္တရာယ်စီမံမှုနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုတို့ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်ထားရန် လိုအပ်ပါကြောင်း၊ ကော်မတီ၏အကြံပြုချက်များသည် ကောင်းမွန်သော လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးအတွက် ဦးတည်ဆောင်ရွက်သင့်ပါကြောင်း၊ ယခုသင်တန်းသည် ငွေစာရင်းဆိုင်ရာ အသိပညာတိုးပွားရေးသာမက ကော်မတီ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လွှတ်တော်၏ စောင့်ကြည့်ထိန်းကျောင်းရေး၊ ဘဏ္ဍာရေးစည်းမျဉ်းများ ခိုင်မာအားကောင်းစေရေးစသည်တို့အတွက် အရေးပါသည့်ခြေလှမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ ယခုသင်တန်းသို့ တက်ရောက်လျက်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပို့ချဆွေးနွေးချက်များအပေါ် အာရုံစိုက်ပြီး အပြန်အလှန်မေးမြန်းခြင်း၊ ဆွေးနွေးခြင်းများ ဆောင်ရွက်ကြစေလိုပါကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေများကို ကာကွယ်စောင့်ရှောက်ခြင်းသည် မိမိတို့လွှတ်တော်၏ ဂုဏ်သိက္ခာမြှင့်တင်ခြင်းပင် ဖြစ်ပါကြောင်း၊ ပြည်သူ့ငွေစာရင်းကော်မတီသည် ခိုင်မာတောင့်တင်းသည့် လွှတ်တော်အဖြစ် ဖန်တီးနိုင်ရေး၊ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် နိုင်ငံတော် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားဖြည့်အထောက်အကူပြု ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အမျိုးသားစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်(ကော့ကရိတ်မဲဆန္ဒနယ်)က ဆွေးနွေးပို့ချသည်။

ထို့နောက် ပြည်သူ့ငွေစာရင်းကော်မတီရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးပို့ချက်များအပေါ် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက သိလိုသည်များကို ပြန်လည်မေးမြန်းသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့ပြင် နံနက်ပိုင်းကလည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ ဖတ်ရှုနိုင်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်(ငြိမ်း) ဦးအုန်းသန်းက ပေးအပ်လှူဒါန်းသည့် အမျိုးသားညီလာခံမှတ်တမ်းများ၊ ၁၉၄၇ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေတို့မှ အချက်အလက်များကို အခြေခံ၍ စုဆောင်းတင်ပြထားသော ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အနှစ်သာရများအမည်ရှိ စာအုပ် ၅၀ အား လက်ခံခဲ့ပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

စာအုပ်လှူဒါန်းပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်



# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၂၆ ခုနှစ်)နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေ အရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၂၆ ခုနှစ်)တို့နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ပူးပေါင်းကော်မတီအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးဂျဲန်ဖန်နော်တောင်(ခ) ဦးနော်တောင်၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရာသီပေါ်အစားအစာ တောင်ပို့မှိုများဈေးကောင်းရရှိသဖြင့် မှိုရှာဖွေရောင်းချသည့် တောင်သူများ မိသားစုအပိုဝင်ငွေရရှိ

**လားရှိုး ဇူလိုင် ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ဟင်းအဖြစ်ကြော်စား၊ ချက်စားခြင်းနှင့် အချဉ်သိပ်၍ စားရသော ရာသီပေါ်အစားအစာ တောင်ပို့မှိုများ ဈေးကောင်းရရှိသဖြင့် မှိုရှာဖွေရောင်းချသည့် တောင်သူများ အပိုဝင်ငွေရရှိနေကြသည်။

အဆိုပါ တောင်ပို့မှိုများသည် နှစ်စဉ် မိုးရာသီကာလတွင် တောင်ယာခြံများနှင့် တောတွင်း ရှိ တောင်ပို့များအနီးတွင် ပေါက်ရောက်လျက်ရှိသောကြောင့် မှိုရှာဖွေသည့်တောင်သူများအနေ ဖြင့် အဆိုပါ နေရာများတွင် မှို များ ရှာဖွေတူးယူရရှိသည်။

မှိုတစ်ကျင်းလျှင် အနည်းဆုံး ၅၀ ကျပ်သားမှ အများဆုံး ငါးပိဿာခန့် တူးယူရရှိပြီး ယခင်နှစ်တွင် တောင်ပို့မှို တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၀ ခန့်ရရှိပြီး ယခုနှစ်တွင် ငွေကျပ် ၅၀၀၀၀ ခန့်ရရှိကာ ဈေးပိုမိုရရှိသဖြင့် မှိုရှာဖွေရောင်းချသည့် တောင်သူများ အပိုဝင်ငွေ ရရှိလျက်ရှိကြောင်း မှိုရှာဖွေရောင်းချသည့် တောင်သူတစ်ဦးထံမှ သိရသည်။

**လှမော်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ

# ဝင်ငွေနည်းအိမ်ထောင်စုများ စားသောက်ရေးအဆင်ပြေစေရန် ဆန်များ ပေးဝေလှူဒါန်း

**ညောင်ဦး ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်တွင် ဝင်ငွေနည်းအိမ်ထောင်စုများအတွက် စားသောက်ရေး အဆင်ပြေစေရန် ရည်ရွယ်၍ ယမန်နေ့က ပုဂံမြို့ ရတနာဘုံစံတောရမေ္ဘရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ပရဟိတအဖွဲ့က ဆန်များ ထောက်ပံ့လှူဒါန်းပေးခဲ့သည်။

ထိုသို့ ဝင်ငွေနည်းအိမ်ထောင်စုများအတွက် ဆန်များ ပေးဝေလှူဒါန်းခြင်းကို J & SS Co.,Ltd. Yangon မှ ပေးပို့လှူဒါန်းခြင်းဖြစ်ပြီး အလှူရှင်များကိုယ်စား ပုဂံမြို့ ရတနာဘုံစံတောရမေ္ဘရိပ်သကျောင်းတိုက် နာယကဆရာတော်နှင့် ပရဟိတအဖွဲ့ဝင်များက ဒေသတွင်းရှိ ဝင်ငွေနည်း အိမ်ထောင်စု ၉၀ အား စားသောက်ရေးအဆင်ပြေစေရန် အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်ပြည်စီ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

(၄၄၅)

ဝ-ဝ-ဝ-ဝ-ဝ

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး၊ ခရိုင်တရားရုံးများညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံး၊ ခရိုင်တရားရုံးများ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တရားသူကြီးများ၊ တိုင်းဒေသကြီး ပြည်နယ် တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးများနှင့် ခရိုင်တရားသူကြီးများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်က မှုခင်းများစစ်ဆေးစီရင်ခဲ့မှုနှင့်စပ်လျဉ်းပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက် တရားရုံးအဆင့်ဆင့်တို့တွင် ရာဇဝတ်အမှုစုစုပေါင်း စာရင်းဖွင့်လက်ကျန် ၂၀၆၂၃ မှု၊ လက်ခံရရှိမှု ၁၄၀၂၉၃ မှု ဖြစ်ပြီး ၁၄၁၆၀၁ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၁၉၃၁၅ မှု ကျန်ရှိကြောင်း၊ တရားမအမှုစုစုပေါင်း စာရင်းဖွင့်လက်ကျန် ၂၄၇၄၉ မှု၊ လက်ခံရရှိမှု ၁၇၇၀၂ မှု ဖြစ်ပြီး ၁၈၂၃၁ မှုစစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲအမှု ၂၄၂၂၀ ကျန်ရှိကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် တရားရုံးအဆင့်ဆင့်သို့ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၁၅၇၉၉၅ မှု လက်ခံရရှိပြီး ၁၅၉၈၃၂ မှု စစ်ဆေးပြီးပြတ်သဖြင့် အမှုပြီးပြတ်မှုနှုန်းအနေဖြင့် ၁၀၁ ဒသမ ၁၆ ရာခိုင်နှုန်း ဖြစ်ကြောင်း၊ အမှုများ ကြန့်ကြာမှုမရှိစေဘဲ ပြီးပြတ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်းနှင့် အဆိုပါအစည်းအဝေးကို ဇူလိုင် ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထဲရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၁၄

ပြည်ထဲရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွှန့်ဝင်းဆွေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်း၊ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်ဝင်း၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU) အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများက ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် ကော်မရှင်အဖွဲ့ဝင်သည် ပြည်ထဲရေးဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး တားဆီးကာကွယ်ရေးအဖွဲ့များ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရမည့်အချက်များ၊ အားသာချက်၊ အားနည်းချက်များကို သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။သတင်းစဉ်

# ပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ

**ဇေယျာသီရိ ဇူလိုင် ၁၄**

နေပြည်တော်တိုင်းရင်းဆေးရုံကြီး ကွင်းဆင်းဆေးကုသရေးအဖွဲ့မှ ဇေယျာသီရိမြို့နယ်၊ ရှားစေးဖိုကျေးရွာ ဘက်စုံသုံးခန်းမ၌ သစ်တပ်ကျေးရွာအုပ်စုအတွင်းမှ ပြည်သူများနှင့် အနီးနားရှိ ကျေးရွာများမှ ပြည်သူများအား ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးခဲ့သည်။

အဆိုပါ နေရာသို့ ဇေယျာသီရိခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လွင်လွင်ကျော်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်တင့်တင့်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ချမ်းမြေ့ဦးနှင့် အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် နေပြည်တော်တိုင်းရင်းဆေးရုံ ဒုတိယဆေးရုံအုပ် ဦးလှမော်၊ လေငန်းရောဂါနှင့် အထွေထွေရောဂါကုသမားတော်များ၊ တိုင်းရင်းဆေး ဆရာ၊ ဆရာမများနှင့် တိုင်းရင်းဆေးတက္ကသိုလ်မှ အလုပ်သင်ဆရာ၊ ဆရာမများက ကွင်းဆင်းဆေးကုသပေးခြင်းဖြစ်သည်။ ဇေယျာသီရိမြို့နယ်၊ သစ်တပ်ကျေးရွာအုပ်စုနှင့် အနီးအနားရှိကျေးရွာများမှ ဆေးကုသမှုခံယူသူ ပြည်သူများအား သွေးတိုး၊ ဆီးချို၊ ဒူးနာ၊ ခါးနာ၊ အာရုံကြောရောဂါများ၊ အဆစ်ရောင်၊ လေးဘက်နာ၊ ခေါင်းမူး၊ ခေါင်းကိုက်၊ အကြောတက်၊ ကိုက်ခဲ၊ လေးဖြတ်၊ လေးငန်းရောဂါ၊ ထုံနာကျင်နာ ရောဂါများကို ကုသပေးခဲ့ပြီး တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများနှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သောရောဂါများ အကြောင်းကို ဟောပြောခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ(၂/၂၀၂၆) ညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဇူလိုင် ၁၄

မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီး ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ (၂/၂၀၂၆) ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်း ဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်မျိုးသန့်၊ ဒုတိယဥက္ကဋ္ဌ(၁) နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်စွာဦးနှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၂၆ ခုနှစ် ပွင့်လင်းရာသီ ကာလအတွင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးနိုင်ရေး လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အားနည်းချက်၊ အားသာချက်များကို သုံးသပ်ဖော်ထုတ် ဆွေးနွေးကြပြီး ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

၂၀၂၆ ခုနှစ် ဇူလိုင်မှစတင်၍ အားအသင့်အတင့် ရှိသော အယ်လ်နီညိုအခြေအနေ ဖြစ်ပေါ်ခဲ့ပြီး ၂၀၂၆ ခု နှစ်ကုန်ပိုင်းတွင် အားအလွန် ကောင်းသော အယ်လ်နီညို အခြေအနေသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ အပူချိန် မြင့်တက်ခြင်း၊ တောမီးလောင်ကျွမ်းမှုများ အလွယ်တကူဖြစ်ပေါ် နိုင်ခြင်း အခြေအနေများဖြစ်ပေါ် လာနိုင်သဖြင့် ၂၀၂၇ ပွင့်လင်းရာသီ အတွက် မီးခိုးမြူငွေ့လျှော့နည်း ကျဆင်းရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြမည့် လုပ်ငန်း များအား သက်ဆိုင်ရာဝန်ကြီးဌာန များအလိုက် ဝိုင်းဝန်းဆွေးနွေးခဲ့ ကြပြီး Fire Hotspot လျော့ကျမှု အနေဖြင့် အခြေခံနှစ်ဖြစ်သည့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဇွန်လ အထိ ပထမခြောက်လအတွင်း Fire Hotspot ၅၀၅၁၂ ကြိမ် ဖြစ်ပေါ်ခဲ့ပြီး ယခုနှစ် ၂၀၂၆ ခုနှစ် ပထမခြောက်လပတ်တွင် Fire Hotspot ၄၄၉၃၁ ကြိမ် ဖြစ်ပေါ်ခဲ့သည့်အတွက် ၅၅၈၁ ကြိမ်၊ ရာခိုင်နှုန်းအားဖြင့် ၁၁ ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဂျာမန်မော်တော်ယာဉ်လုပ်ငန်းစုကြီးဖြစ်သည့် ဖောက်စဝက်ဂွန်အုပ်စု နှစ်ဆပိုများသော လုပ်သား ၁၀၀၀၀၀ အထိ လျှော့ချရန် စီစဉ်နေ



**ဘာလင် ဇူလိုင် ၁၄**

ဂျာမန်မော်တော်ယာဉ်လုပ်ငန်းစုကြီးဖြစ်သည့် ဖောက်စဝက်ဂွန်အုပ်စုအနေဖြင့် ယခင်က ထုတ်ပြန်ခဲ့ဖူးသည့် အရေအတွက်ထက် နှစ်ဆပိုမိုများပြားသော လုပ်သား ၁၀၀၀၀၀ အထိ လျှော့ချရန် စီစဉ်နေသည်ဟု အမှုဆောင်အရာရှိချုပ်က အတည်ပြုပြောကြားလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဖောက်စဝက်ဂွန်အမှတ်တံဆိပ်အပြင် ပေါ်ရှေး၊ အော်ဒီ၊ ဆီရတ်နှင့် စကိုဒါတို့ပါဝင်သော အဆိုပါလုပ်ငန်းစုကြီးသည် ဂျာမနီနိုင်ငံတွင် ၂၀၃၀ ပြည့်နှစ်နောက်ပိုင်း နောက်ထပ်အလုပ်အကိုင် ၅၀၀၀၀ ခန့်ကို ဖြတ်တောက်သွားမည်ဟု ဆိုသည်။

အဆိုပါကုမ္ပဏီသည် အဓိကဈေးကွက်များတွင် ရောင်းအားကျဆင်းခြင်းနှင့်အတူ ဥရောပဈေးကွက်သို့ ဝင်ရောက်လာသည့် တရုတ်အမှတ်တံဆိပ်များ၏ ပြိုင်ဆိုင်မှုပြင်းထန်လာခြင်းတို့ကြောင့် ယမန်နှစ်က အမြတ်ငွေ အဆမတန်ကျဆင်းမှု ကြုံတွေ့ခဲ့ရကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



## ဂျပန်ယန်းငွေတန်ဖိုး တည်ငြိမ်လျက်ရှိသော်လည်း ဒေါ်လာအညွှန်းကိန်း ၀ ဒသမ ၀၉ ရာခိုင်နှုန်း ကျဆင်းသွား

**ဝါရှင်တန် ဇူလိုင် ၁၄**

အမေရိကန် ငွေကြေးဖောင်းပွမှုဆိုင်ရာ အချက်အလက်များ မထုတ်ပြန်မီ အရှေ့အလယ်ပိုင်းတင်းမာမှုများကြောင့် ရေနံဈေးနှုန်းများ မြင့်တက်လာခဲ့ပြီး ဝင်ရောက်စွက်ဖက်နိုင်ခြေအပေါ် သတိထားနေရမှုနှင့် နိုင်ငံတော်ပင်စင်ရန်ပုံငွေ ခွဲဝေချထားပေးမှုအပေါ် မူဝါဒချမှတ်သူများ၏ မှတ်ချက်စကားများ ထွက်ပေါ်လာပြီးနောက် ယန်းငွေတန်ဖိုး တည်ငြိမ်နေကြောင်း သိရသည်။

ဂျပန်ယန်းနှင့် ယူရိုအပါအဝင် အဓိကငွေကြေးတောင်း တစ်ခုနှင့် နှိုင်းယှဉ်က အမေရိကန်ဒေါ်လာ၏ တန်ဖိုးကိုတိုင်းတာသည့် ဒေါ်လာအညွှန်းကိန်းသည် ၀ ဒသမ ၀၉ ရာခိုင်နှုန်း ကျဆင်းသွားပြီး ၁၀၁ ဒသမ ၁၈ သို့ ရောက်ရှိခဲ့သည်။

ယမန်နေ့က အမေရိကန်ပြည်ထောင်စု၏ ဇွန်လ စားသုံးသူဈေးနှုန်းအညွှန်းကိန်း အချက်အလက်များထုတ်ပြန်ခြင်း၊ နောက်တစ်နေ့တွင် ဇွန်လ ထုတ်လုပ်သူဈေးနှုန်းအညွှန်းကိန်း တိုင်းတာချက်များ ထွက်ပေါ်လာခြင်းနှင့် ဖက်ဒရယ်အရံဘဏ်ဥက္ကဋ္ဌ ကီဗင်ဝါရှ်၏ လွှတ်တော်ရှေ့မှောက် ပထမဆုံးခြောက်လပတ် သက်သေထွက်ဆိုချက်တို့နှင့်အတူ ငွေကြေးဖောင်းပွမှု အန္တရာယ်များသည် ဆက်လက် အာရုံစိုက်စရာ ဖြစ်နေကြောင်း သိရသည်။ **Mon**

## ဒေသတွင်း စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ကြီးထွားမှု ၁၁ ရာခိုင်နှုန်းထက်မနည်း ရရှိစေရန် ဟနွိုင်းမြို့ ကြိုးပမ်းဆောင်ရွက်

**ဟနွိုင်း ဇူလိုင် ၁၄**

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့သည် ၂၀၂၆ ခုနှစ်တွင် ဒေသတွင်း စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ကြီးထွားမှုနှုန်း ၁၁ ရာခိုင်နှုန်းထက်မနည်း ရရှိရန် ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ၌ ဘဏ္ဍာရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့် ဖြုန်းတီးမှုပပျောက်ရေးတို့ကို ပိုမိုတင်းကြပ်စွာ ဆောင်ရွက်နေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယင်းအစီအစဉ်အရ တစ်ဦးချင်းပျမ်းမျှဝင်ငွေကို တစ်နှစ်လျှင် ဗီယက်နမ်ဒေါင် ၁၉၈ သန်း (အမေရိကန်ဒေါ်လာ ၇၆၀၀) အထိရရှိရန် သတ်မှတ်ထားပြီး နိုင်ငံတော် ဘတ်ဂျက်ဝင်ငွေကို ဗီယက်နမ်ဒေါင် ၅၄၆ ဒသမ ၉၃ ထရီလီယံဝန်းကျင်ရရှိရန် ခန့်မှန်းထားသည်။

တစ်ချိန်တည်းမှာပင် အဆိုပါမြို့တော်သည် အဖွဲ့အစည်းဆိုင်ရာ မူဘောင်များကို ပြုပြင်မွမ်းမံလျက်ရှိပြီး နှစ်ပေါင်း ၁၀၀ မျှော်မှန်းချက်ပါဝင်သော မြို့တော်မဟာဗျူဟာ စီမံကိန်းတစ်ရပ်ကိုလည်း ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ **Mon**





## အားကောင်းလာနေသည့် အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် အာဖရိကအရှေ့ပိုင်းနှင့် အာရှတစ်လွှား ခြိမ်းခြောက်မှုများ ရင်ဆိုင်နေရ

**ဝါရှင်တန် ဇူလိုင် ၁၄**

လျင်မြန်စွာ အားကောင်းလာနေသည့် အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် အာဖရိကအရှေ့ပိုင်းနှင့် အာရှတစ်လွှားရှိ ကမ္ဘာ့အထိခိုက်လွယ်ဆုံး လူမှုအသိုင်းအဝိုင်းအချို့တွင် ပြင်းထန်သော ရေကြီးမှု၊ ရောဂါဘယနှင့် မိုးခေါင်ရေရှားမှုများ ဖြစ်ပေါ်လာနိုင်သည့် ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရသည်ဟု လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းတစ်ခုက သတိပေးထားကြောင်း သိရသည်။

ကင်ညာ၊ ယူဂန်းဒါး၊ ဆိုမာလီယာ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့သည် အန္တရာယ်အရှိဆုံးနိုင်ငံများအနက် ပါဝင်နေကြောင်း ဇူလိုင် ၁၃ တွင် နိုင်ငံတကာကယ်ဆယ်ရေးကော်မတီက ထောက်ပြခဲ့သည်။

အမေရိကန် ရာသီဥတုခန့်မှန်းရေးဗဟိုဌာနက ဇူလိုင် ၉ ရက်တွင် ပြောကြားရာ၌ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်သည် လျင်မြန်စွာ အားကောင်းလာနေပြီး ၁၉၅၀ ပြည့်နှစ်နောက်ပိုင်း အပြင်းထန်ဆုံးဖြစ်စဉ်များအနက် တစ်ခုဖြစ်လာရန် ၈၁ ရာခိုင်နှုန်းအထိ အခွင့်အလမ်းရှိကာ အောက်တိုဘာနှင့် ဒီဇင်ဘာကြားတွင် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိနိုင်ကြောင်း သိရသည်။ **Mon**

STOP AIDS

## ချီပိုတေး မက္ကဆီကန် ဂရီးလ်၏ လူကြိုက်များမှုကို စမ်းသပ်ရန် မက္ကဆီကိုနိုင်ငံ၌ ပထမဆုံးသော စားသောက်ဆိုင် ဖွင့်တော့မည်

**မက္ကဆီကိုစီးတီး ဇူလိုင် ၁၄**

ချီပိုတေး မက္ကဆီကန် ဂရီးလ်သည် လူကြိုက်များမှုကို စမ်းသပ်ရန်အတွက် မက္ကဆီကိုနိုင်ငံ၌ ၎င်း၏ ပထမဆုံးသော စားသောက်ဆိုင်ကို ယခုသီတင်းပတ်အတွင်း ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းတွင် ဆိုင်ခွဲပေါင်း ၄၁၀၀ ကျော် ဖွင့်လှစ်ထားပြီး စိတ်ကြိုက်ပြင်ဆင်နိုင်သော ဘာရီတို၊ တာကိုးနှင့် ဘိုလ်ဟင်းလျာများကြောင့် လူသိများသည့် အဆိုပါစားသောက်ဆိုင်လုပ်ငန်းစုက ယခုခြေလှမ်းသည် ကုမ္ပဏီအတွက် ထူးခြားသော မှတ်တိုင်တစ်ခုဖြစ်သည်။

အမေရိကန် စားသောက်ဆိုင်လုပ်ငန်းစုများသည် ၎င်းတို့၏ ဟင်းလျာများ စတင်မြစ်ဖျားခံရာ နိုင်ငံများတွင် အောင်မြင်မှုရရှိရန် ရုန်းကန်ခဲ့ကြရကြောင်း သိရသည်။ **Mon**




## အပူလှိုင်းကြောင့် ပြင်သစ်ရှိ နျူကလီးယားဓာတ်ပေါင်းဖို သုံးခု လည်ပတ်မှုရပ်နား

ပါရီ ဇူလိုင် ၁၄

လက်ရှိဖြစ်ပေါ်နေသော အပူလှိုင်း၏ သက်ရောက်မှုကြောင့် ပြင်သစ်နိုင်ငံရှိ နျူကလီးယားဓာတ်ပေါင်းဖိုသုံးခုမှာ လုပ်ငန်းလည်ပတ်မှုရပ်နားထားရပြီး အခြားဓာတ်ပေါင်းဖိုရှစ်ခုမှာလည်း စွမ်းဆောင်ရည်လျှော့ချလည်ပတ်နေရကြောင်း ဇူလိုင် ၁၃ ရက်က ဒေသတွင်း မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

ဓာတ်ပေါင်းဖိုများ လည်ပတ်မှုရပ်နားရခြင်းမှာ ရာသီဥတုအခြေအနေကြောင့်ဖြစ်ပြီး အပူထုတ်လွှတ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရန် ဖြစ်ကြောင်း နိုင်ငံပိုင်လျှပ်စစ်ဓာတ်အား လုပ်ငန်းကုမ္ပဏီ၏ ပြောကြားချက်ကို ကိုးကား၍ ပြင်သစ်နေ့စဉ်သတင်းစာ Le Parisien က ဖော်ပြထားသည်။

ပြင်သစ်အမျိုးသားမိုးလေဝသဌာနက ဇူလိုင် ၁၂ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီမှ စတင်၍ ခရိုင် ၃၇ ခုတွင် အမြင့်ဆုံးအနီရောင်အဆင့် အပူချိန်သတိပေးချက်ကို ထုတ်ပြန်ထားပြီး ယင်းဒေသများတွင် အပူချိန် ၃၇ ဒီဂရီဆဲလ်စီးယပ်စ်မှ ၄၁ ဒီဂရီဆဲလ်စီးယပ်စ်အထိ မြင့်တက်နိုင်ကြောင်း သတိပေးထားသည်။ ဆင်ဟွာ



# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ တိုင်ကြားစာများ၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်းများနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများ ကြည့်ရှုစစ်ဆေးမှုနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၈/၂၀၂၆)

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (င) တို့နှင့်အညီ လူ့အခွင့်အရေးဖောက်ဖျက်မှုများနှင့်ပတ်သက်၍ တိုင်တန်းချက်များ၊ စွပ်စွဲချက်များကို စိစစ်သုံးသပ်ကာ လိုအပ်သလို စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ပါသည်။ ထို့ပြင် တိုင်တန်းချက်၊ စွပ်စွဲချက်များအရဖြစ်စေ သတင်းအချက်အလက်များအရဖြစ်စေ လူ့အခွင့်အရေးဖောက်ဖျက်မှု ဖြစ်ပွားကြောင်း သိရှိရပါက အဆိုပါနေရာသို့ ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ပါသည်။ ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ အရလည်းကောင်း၊ ကော်မရှင်လုပ်ထုံးလုပ်နည်းအပိုဒ် ၄၁၊ ၄၂၊ ၄၃ အရလည်းကောင်း အကျဉ်းထောင်များ၊ အကျဉ်းစခန်းများ၊ အချုပ်ခန်းများနှင့် အစိုးရသို့မဟုတ် ပုဂ္ဂလိကထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများအား ကြည့်ရှုစစ်ဆေးခြင်းအပါအဝင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို နှစ်စဉ်လုပ်ငန်းစီမံချက် လျာထားရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ ပေးပို့လာသည့် တိုင်ကြားစာ ၂၉၅ မှု (မီဒီယာသတင်းအပါအဝင်)အပေါ် ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် ၇ အရ စုံစမ်းစစ်ဆေးရေးအဖွဲ့အစည်းအဝေး (၂၁) ကြိမ် ကျင်းပ၍ စိစစ်ဆောင်ရွက်ခဲ့ရာ တိုင်ကြားစာ ၆၄ မှုကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများသို့ စိစစ်ဆောင်ရွက်နိုင်ရန် အကြံပြုတိုက်တွန်းခြင်း၊ တိုင်ကြားစာ ၃၃ မှုကို တိုင်ကြားသူထံ အကြံပြုပြန်ကြားခြင်းတို့ ဆောင်ရွက်ပေးခဲ့ပြီး တိုင်ကြားစာ ၁၉၆ မှုကို ကော်မရှင်ဥပဒေပုဒ်မ ၃၇ အရ ကော်မရှင်ဥပဒေအရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ တရားရုံးတစ်ခုခု၏ စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုဝင်ရောက်ဆဲအမှုများ၊ တရားရုံးတစ်ခုခုက အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသောအမှုများ၊ တိုင်တန်းချက်အင်္ဂါရပ်နှင့် မညီညွတ်ခြင်းကြောင့်လည်းကောင်း၊ ယခင်ဆောင်ရွက်ပြီးသော တိုင်တန်းချက်များဖြစ်ခြင်းကြောင့်လည်းကောင်း စနစ်တကျ မှတ်တမ်းထားရှိကာ ကာယကံရှင်၏ သဘောဆန္ဒအရ အမှုပိတ်သိမ်းခြင်း ၂ မှုတို့ ပါဝင်ပါသည်။

၃။ တိုင်ကြားစာများနှင့်စပ်လျဉ်း၍ ကော်မရှင်၏ အကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ တိုင်ကြားစာ ၆၄ စောင် ပေးပို့ခဲ့ရာ ၎င်းတို့၏ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအနေဖြင့် အပြုသဘောဆောင်သည့် ပြန်ကြားချက် (၃၈) စောင်အား လက်ခံရရှိခဲ့ရာ ရလဒ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်ကြားသူများထံသို့ ကော်မရှင်မှ အကြောင်းပြန်ကြားပေးခဲ့ပါသည်။ ကော်မရှင်၏ ရုံးခွဲများဖြစ်သော နေပြည်တော်(ရုံးခွဲ)၊ မန္တလေး(ရုံးခွဲ)၊ စစ်တွေ(ရုံးခွဲ)နှင့် ပုသိမ်(ရုံးခွဲ)များမှလည်း တိုင်တန်းချက်များကို လက်ခံပေးလျက်ရှိပါသည်။

၄။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃ အရ အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံရနေသူများ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများကို လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် ညီ/မညီ ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ မရှိတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးလျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ ဗဟိုအကျဉ်းထောင် ၂ ခု၊ အချုပ်ထောင် ၁ ခု၊ အကျဉ်းစခန်း ၄ ခု၊ ရဲစခန်းအချုပ်ခန်း ၇ ခု၊ တရားရုံးအချုပ်ခန်း ၂ ခု၊ လူငယ်သင်တန်းကျောင်း ၃ ခုနှင့် ဘိုးဘွားရိပ်သာ ၃ ခုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အကျဉ်းထောင်နှင့် အကျဉ်းစခန်းများ ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အကြံပြုချက် (၇၇) ချက်၊ ဘိုးဘွားရိပ်သာများနှင့် လူငယ်သင်တန်းကျောင်းများ ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အကြံပြုချက် (၄၄) ချက်၊ ရဲစခန်းအချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းများ ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အကြံပြုချက် (၇) ချက် ပေးပို့ဆောင်ရွက်ခဲ့ပါသည်။ အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် အချုပ်ခန်းများအား စစ်ဆေးစဉ်အတွင်း တစ်ဦးချင်းလွတ်လပ်စွာ တွေ့ဆုံတင်ပြလိုသော အကျဉ်းသား၊ အချုပ်သား စုစုပေါင်း (၉၈) ဦးတို့ကို သီးခြားတွေ့ဆုံကာ ယင်းတို့၏ တင်ပြချက်များကို မေးမြန်းမှတ်တမ်းတင်ခဲ့ပါသည်။

၅။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ မသန်စွမ်းသူများ၏အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက မိမိကိုယ်တိုင်နှင့် အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ ခြောက်မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နှင့် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့များရှိ ကော်မရှင်ရုံးခွဲများသို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၁၈-၆၅၄၆၇၈ သို့ဖြစ်စေ၊ e-mail လိပ်စာ info@mnhrc.org.mm သို့ဖြစ်စေ** တိုင်ကြားစာများ ပေးပို့နိုင်ပါကြောင်း၊ နိုင်ငံပိုင်သတင်းစာများတွင် လစဉ်ကြေညာခြင်း၊ ကော်မရှင် website တွင်လည်း ဖော်ပြခြင်းများ ပြုလုပ်လျက်ရှိပါသည်။

၆။ ကော်မရှင်သည် တိုင်တန်းချက်များနှင့် စပ်လျဉ်း၍ စိစစ်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေအရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲအမှုများနှင့် အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသောအမှုများမှအပ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၇။ တိုင်တန်းချက်များကို စိစစ်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုများကြောင့် လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့် နစ်နာမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် လူ့အခွင့်အရေးဖောက်ဖျက်ခြင်းများ ခံစားကြုံတွေ့ရပါက ကူညီဆောင်ရွက်ပေးနိုင်ရေးကော်မရှင်သို့ တိုင်တန်းစာများ ပေးပို့နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်

## ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေးသင်တန်း ဖွင့်လှစ်



**မကွေး ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တုရောင်းဝယ်သူများဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေးသင်တန်းကို ယမန်နေ့ နံနက်ပိုင်းက ထိန်ထိန်သာဟိုတယ်ခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တုရောင်းဝယ်သူများဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေဝင်းက အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)နှင့် တိုင်းဒေသကြီး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ငွေကြေးခဝါချမှုဆိုင်ရာအကြောင်းအရာများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အကြောင်းအရာများအပေါ် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပို့ချခြင်း၊ တိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက အဖိုးတန်သတ္တု(ရွှေ)ရောင်းဝယ်သူများ လုပ်ငန်းလိုင်စင် လျှောက်ထားမှုများနှင့် တိုင်းဒေသကြီးမြေစာရင်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူးက မြေစာရင်းဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးပို့ချကြသည်။

ဆက်လက်၍ အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းနှင့် အဖိုးတန်သတ္တု(ရွှေ)ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူလုပ်ငန်းရှင်များက သိလိုသည်များကို မေးမြန်းခဲ့ပြီး တက်ရောက်လာကြသော အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းနှင့် အဖိုးတန်သတ္တုရောင်းဝယ်သူများ ကိုယ်စား ကိုယ်စားလှယ်နှစ်ဦးအား တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မောင်နိုင်မင်း(ပြန်/ဆက်)**

✱-✱-✱-✱-✱-✱-✱

## ရေပိုက်သွယ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး



**ဥတ္တရသီရိ ဇူလိုင် ၁၄**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ကျွဲရှင်းကျေးရွာ၌ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးမောင်၊ ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေး၊ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းနှင့် ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ၊ ကျေးရွာကော်မတီဝင်များနှင့်အတူ တာဝန်ရှိသူများက ကျွဲရှင်းကျေးရွာ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဦးစီးမှူးက ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

အဆိုပါ ကျေးရွာ၌ ရေပိုက်သွယ်တန်းခြင်း ၂လက်မ Vpc ပိုက်အရှည် ပေ ၃၀၁၀၊ ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စု မူလခွင့်ပြုရန်ပုံငွေကျပ် ၁၈ ဒသမ ၀၆၀၀ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ မေလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါလုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျွဲရှင်းကျေးရွာရှိ ပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)(၀၄၀)**

✱-✱-✱-✱-✱-✱-✱

## ဧရာဝတီမြစ်အတွင်း ညစ်ညမ်းစေသည့်ပစ္စည်းများ စွန့်ပစ်မှုမရှိစေရေး လိုက်လံကြည့်ရှုစစ်ဆေး

**စစ်ကိုင်း ဇူလိုင် ၁၄**

စစ်ကိုင်းမြို့ ဧရာဝတီမြစ်အတွင်း အိမ်သာများဆောက်လုပ်၍ ရေထဲသို့ အညစ်အကြေးစွန့်ပစ်မှုနှင့် အမှိုက်သရိုက်များ၊ညစ်ညမ်းစေသည့် ပစ္စည်းများစွန့်ပစ်မှုမရှိစေရေး ဇူလိုင် ၁၃ရက် နံနက်ပိုင်းက လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

စစ်ကိုင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ညွန့်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာမောင်စိုးနှင့် တာဝန်ရှိသူများသည် ဧရာဝတီမြစ်အတွင်း မြစ်ရေတက်လာပါက ရေဝင်ရောက်နိုင်သည့် ရပ်ကွက်များနှင့် ညစ်ညမ်းစေသည့် ပစ္စည်းများစွန့်ပစ်မှုမရှိစေရေး၊ စစ်ကိုင်းမင်းကွန်းလမ်းတွင် မြေထိန်းနံရံ တည်ဆောက်နေမှုများအား မော်တော်ဘုတ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

# လမ်းနယ်နိမိတ်ပေါ်တွင် စည်းကမ်းမဲ့ကျူးကျော်မှုမရှိစေရေး ဆောင်ရွက်

မူဆယ် ဇူလိုင် ၁၄

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ယမန်နေ့ နံနက် ၁၀နာရီခွဲတွင် လမ်းဘေးဝဲ/ယာတစ်လျှောက် ဈေးသည်များ စည်းကမ်းမဲ့ ကျူးကျော်ရောင်းချမှု မရှိစေရေးနှင့် လမ်းဘေးပလက်ဖောင်းနှင့် လမ်းနယ်နိမိတ်ပေါ်တွင် ကျူးကျော်တဲ၊ အဆောက်အအုံ၊ အမိုး/အဖီများ ဆောက်လုပ်မှုမရှိစေရေးတို့အတွက် ပျံ့ကျဈေးသည်များအား ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ရာ အဆိုပါလုပ်ငန်းအား မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာန စည်းကမ်းထိန်းဌာနစိတ်မှ ဦးကျော်ဖေ(ဦးစီးအရာရှိ)၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းအင်အား(၂၀)ဦး၊ သန့်ရှင်းရေးယာဉ်(၁)စီးတို့ဖြင့် ပျံ့ကျဈေးသည်များ ရှင်းလင်း ဖယ်ရှားခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ကဆ)**



# လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများသို့ အသိပေးပန်ကြားခြင်း

နေပြည်တော် ဇူလိုင် ၁၄

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် စွမ်းအင်အရင်းအမြစ်မျိုးစုံမှ ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းနေသကဲ့သို့ ပြည်သူများ လျှပ်စစ်ဓာတ်အားကို စနစ်တကျသုံးစွဲလာစေရန် အသိပညာပေးခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ နည်းပညာကြောင့် ဓာတ်အားပျောက်ဆုံးမှုနှင့် နည်းပညာကြောင့်မဟုတ်သည့် ဓာတ်အားပျောက်ဆုံးမှု(ဓာတ်အားခိုးယူသုံးစွဲမှု)များ လျော့နည်းပပျောက်သွားစေရေးအတွက်လည်း အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် နည်းပညာကြောင့်မဟုတ်သည့် ဓာတ်အားပျောက်ဆုံးမှုများ ပပျောက်စေရေးအတွက် မသမာသော နည်းလမ်းဖြင့် လျှပ်စစ်ဓာတ်အား တရားမဝင်သုံးစွဲမှုများကို အဖွဲ့များဖွဲ့စည်း၍ ဖော်ထုတ်အရေးယူလျက်ရှိပါသည်။

၃။ ထို့အပြင် Smart Meter စနစ်သို့ ကူးပြောင်းနိုင်ရေး တွန်းအားပေးဆောင်ရွက်နေသကဲ့သို့ ပြည်သူများအနေဖြင့် ကိုယ်တိုင်မီတာဖတ်ရှု၍ မီတာခပေးဆောင်နိုင်မည့်အပြင် Control Centre များမှ စောင့်ကြည့်စစ်ဆေးနိုင်သည့် Digital စနစ်တစ်ခု တည်ဆောက်ခြင်းကိုလည်း တစ်ပြိုင်တည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍လျှပ်စစ်ဓာတ်အား သုံးစွဲသူများအနေဖြင့် မသမာသော နည်းလမ်းများကိုအသုံးပြု၍ တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများ ပြုလုပ်ထားပါက ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် နောက်ဆုံးထားပြီး သက်ဆိုင်ရာဌာနများသို့ဆက်သွယ်အသိပေးကြပါရန်နှင့် ယင်းသို့အသိပေးလာပါက ဖြေလျှော့ပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

အဆိုပါကာလကျော်လွန်ပြီးချိန်တွင် တရားမဝင်ဓာတ်အားသုံးစွဲမှုများကို Control Center များမှ စစ်ဆေးတွေ့ရှိပါက ပြဋ္ဌာန်းထားသည့် လျှပ်စစ်ဥပဒေများနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ မီတာအသုံးပြုခွင့်ကို ကာလအကန့်အသတ်ဖြင့်ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် လုပ်ငန်းလိုင်စင်ပိတ်သိမ်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အောက်ဖော်ပြပါ Call Center ဖုန်းနံပါတ်များသို့ ဆက်သွယ်သတင်းပို့ကြပါရန် အသိပေးပန်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်**

- ❖ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (နေပြည်တော်) - ၀၆၇ - ၃၄၁၀၀၇၂
- ❖ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း (YESC) - ၁၇၁၇
- ❖ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (MESC) - ၁၆၁၆
  ၀၂-၄၀၃၉၃၃၀၊၀၂-၄၀၇၃၆၆၊ ၀၂-၄၀၇၂၆၁၈ (Hot Line)
- ❖ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ - ၀၆၇-၃၄၁၀၄၀၇၊
  ၀၉-၆၈၂၂၃၂၆၀၀၊ ၀၉-၆၆၅၄၃၂၅၇၅

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၁၂ ထပ်အဆောက်အအုံ တစ်လုံးအား စနစ်တကျထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၇၃ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇူလိုင် ၁၄

အွန်လိုင်း လိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ၁၂ ထပ်အဆောက်အအုံတစ်လုံးကို ထပ်မံ၍ စနစ်တကျဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ဖျက်ဆီးမည့်အဆောက်အအုံ အလုံး ၂၀ ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး၂၀ အနက် ၁၂ ထပ် အဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံ စုစုပေါင်း ၇၃ လုံးအား စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ လေးလုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံအား ဖောက်ခွဲဖျက်ဆီးမှုကို တွေ့ရစဉ်။




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ၁၂ ထပ် အဆောက်အအုံကို ဖြိုဖျက်ပြီးတွေ့ရစဉ်။

○ ဟုမ္မလင်းမှ

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဟိန်းကျော်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ရဲမှူးသန်းဌေးတို့က ဦးဆောင်၍ ခရိုင်/မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှဝန်ထမ်းများ ပူးပေါင်းကာ ဟုမ္မလင်းမြို့၏ ချင်းတွင်းမြစ်အထက်ပိုင်းနှင့် အောက်ပိုင်းရှိ ရပ်ကွက်/ ကျေးရွာများ၊ မြေနိမ့်ပိုင်းတွင် နေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနေထိုင်စေရေး လိုက်လံနှိုးဆော်ခြင်းပြုလုပ်ခဲ့ကြောင်း သိရသည်။ ဟုမ္မလင်း(ပြန်/ဆက်)

✪ တရားမဝင်မှ

ယင်းပြစ်မှုများကို ကျူးလွန်ခဲ့ကြသည့် မီတာပိုင်ရှင်များနှင့် လုပ်ငန်းရှင်များကိုလည်း လျှပ်စစ်ဥပဒေဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး ပါဝင်ပတ်သက်သည့် တာဝန်ရှိဝန်ထမ်းများကိုလည်း ထိရောက်စွာ အရေးယူဆောင်ရွက်ထားရှိပြီးဖြစ်သည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် Control Center များမှ စောင့်ကြည့်စစ်ဆေး၍ သံသယဖြစ်ဖွယ်တွေ့ရှိသည်နှင့် မြေပြင်သို့ သွားရောက်စစ်ဆေးခြင်း၊ ပြည်သူများ၏ တိကျစွာသတင်းပေးတိုင်ကြားလာမှုများအပေါ် ထိရောက်စွာ စစ်ဆေးအရေးယူဆောင်ရွက်ခြင်းတို့ဖြင့် လျှပ်စစ်ဓာတ်အားလေလွင့်ပျောက်ဆုံးမှုများ ပပျောက်သွားစေရေး ကြိုးပမ်းဆောင်ရွက်နေသည်ဖြစ်ရာ ယင်းသို့ဓာတ်အားခိုးယူသုံးစွဲမှုများ ဖော်ထုတ်လာနိုင်သည်နှင့်အမျှ ပြည်သူများသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်၍ ပြည်သူများအနေဖြင့် ပိုမို၍ ပူးပေါင်းဆောင်ရွက်ပေးကြရန် အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**

❖ ရမည်းသင်းမှ

၃ ဒသမ ၅၁ ဘီလီယံ)နှင့် စိတ်ကြွဆေးပြားများ သယ်ဆောင်ရာတွင်အသုံးပြုသည့် SHAYAN အမျိုးအစားဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ ဇူလိုင် ၇ ရက်တွင် သိမ်းဆည်းရမိစိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် ရမည်းသင်းမြို့ သီလဝ(၃)ရပ်ကွက်နေ မောင်သိန်း(ခ)ချစ်တီး(၄၅)နှစ်အား ရမည်းသင်းမြို့ အောင်မင်္ဂလာရပ်ကွက်၌လည်းကောင်း၊ ဇင်မျိုးအောင်(ခ)ဖိုးလ(၂၇)နှစ်အား ရမည်းသင်းမြို့နယ် သဲချောင်းကျေးရွာရှိနေအိမ်၌ စိတ်ကြွဆေးပြားများသယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် NISSAN TERRANO အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့်လည်းကောင်း ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဇူလိုင် ၇ ရက် ည ၇ နာရီခွဲတွင် ပျော်ဘွယ်မြို့ ပြည်သာယာရပ်ကွက်ရှိ ဟိုတယ်အနီးတွင် ရမည်းသင်းမြို့နယ် သဲချောင်းရွာနေ ဇင်ထက်အောင်(၃၅)နှစ်နှင့် စိုင်းထက်သွေး(၂၁)နှစ်တို့ နှစ်ဦးအား ဘိန်းဖြူ ၈ ဒသမ ၁၄ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၂၀၃၅ သိန်း)နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ချစ်မိုးဆန်း၊ မောင်သိန်း(ခ)ချစ်တီးနှင့် ဇင်မျိုးအောင်(ခ)ဖိုးလတို့အားလည်းကောင်း၊ ဇင်ထက်အောင်နှင့် စိုင်းထက်သွေးတို့အားလည်းကောင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိကြောင်း သိရသည်။ **သတင်းစဉ်**




## ပက်ထရစ်ဘာ့ဂ်ကို ခေါ်ယူရန် ဝက်စ်ဟမ်းအသင်းနှင့် ကိုဗင်ထရီအသင်းတို့ အပြိုင်စိတ်ဝင်စား



**လန်ဒန် ဇူလိုင် ၁၄**

ဝက်စ်ဟမ်းအသင်းနှင့် ကိုဗင်ထရီအသင်းတို့သည် ဘိုဒိုဂလင့်အသင်း ကွင်းလယ်ကစားသမား ပက်ထရစ်ဘာ့ဂ်ကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဘိုဒိုဂလင့်အသင်းနှင့်အတူ ၂၀၂၂မှ ၂၀၂၆ခုနှစ်အထိ ပြိုင်ပွဲစုံ ၁၈၁ ပွဲကစားပြီး ၂၈ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအသင်းနှင့် ကိုဗင်ထရီအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။ (ဝဲပုံ)

ဘိုဒိုဂလင့်အသင်းကလည်း ပက်ထရစ်ဘာ့ဂ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေး ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ဝက်စ်ဟမ်းအသင်းနှင့် ကိုဗင်ထရီအသင်းတို့အနေဖြင့် မည်သည့်အသင်းက ဘိုဒိုဂလင့်အသင်းထံမှ ပက်ထရစ်ဘာ့ဂ်ကို ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

## ဘာရာဟင်ဒီယက်ဗ် အသင်းတွင် ဆက်ရှိသွားမည်ဟု ရီးရဲလ်မက်ဒရစ်အသင်း အတည်ပြု

**မက်ဒရစ် ဇူလိုင် ၁၄**



တောင်ပံကစားသမား ဘာရာဟင်ဒီယက်ဗ် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ပြီး၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း ရီးရဲလ်မက်ဒရစ်အသင်းက အတည်ပြု ထုတ်ပြန်ခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

တောင်ပံကစားသမား ဘာရာဟင်ဒီယက်ဗ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၂ ပွဲ ကစားပြီး နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ရီးရဲလ်မက်ဒရစ်အသင်း၏ ထုတ်ပြန်ချက်တွင် 'ဘာရာဟင်ဒီယက်ဗ်အသင်းမှာ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် အားထားရတဲ့ ကစားသမား တစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်'ဟု ထုတ်ပြန်သည်။

(အပေါ်ပုံ) (NGB)

## ဟာရန်တောရက်စ်ကို စာချုပ်သက်တမ်းတိုးရန် ဘာစီလိုနာအသင်းစီစဉ်

**ဘာစီလိုနာ ဇူလိုင် ၁၄**

ဘာစီလိုနာအသင်းသည် အသင်းတိုက်စစ်မှူး ဖာရန်တောရက်စ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဖာရန်တောရက်စ်သည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၀၇ပွဲကစားပြီး ၆၅ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ဘာစီလိုနာအသင်း၏ထုတ်ပြန်ချက်တွင် 'ဖာရန်တောရက်စ်ကို စာချုပ်သက်တမ်းတိုးဖို့ စီစဉ်နေပါပြီ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်မှာပါ'ဟု ထုတ်ပြန်သည်။

(အောက်ပုံ)

(NGB)





## ၂၀၂၆ ကမ္ဘာ့ဖလား ချန်ပီယံဆုကို အာဂျင်တီးနားအသင်း ဆွတ်ခူးသွားမည်ဟု စူပါကွန်ပျူတာခန့်မှန်း

**လန်ဒန် ဇူလိုင် ၁၄**

၂၀၂၆ ကမ္ဘာ့ဖလား ချန်ပီယံဆုကို လက်ရှိချန်ပီယံ အာဂျင်တီးနားအသင်း ဆွတ်ခူးသွားမည်ဖြစ်ကြောင်း စူပါကွန်ပျူတာက ခန့်မှန်းခဲ့သည်။

စူပါကွန်ပျူတာ၏ ခန့်မှန်းချက်တွင် ၂၀၂၆ ကမ္ဘာ့ဖလား ဗိုလ်လုပွဲစဉ်တွင် အာဂျင်တီးနားအသင်းနှင့် ပြင်သစ်အသင်းတို့ တွေ့ဆုံမည်ဖြစ်ပြီး အာဂျင်တီးနားအသင်းက ပြင်သစ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရယူကာ ချန်ပီယံဆုကို ဆက်လက်ကာကွယ်သွားမည်ဖြစ်ကြောင်း ဟောကိန်းထုတ်လာခဲ့သည်။

အာဂျင်တီးနားအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းလိုက်စုဖွဲ့မှုအားကောင်းကောင်းဖြင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီး လာမည့် ဇူလိုင် ၁၆ ရက်တွင် အင်္ဂလန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

ထို့ကြောင့် အာဂျင်တီးနားအသင်းအနေဖြင့် စူပါကွန်ပျူတာ၏ ခန့်မှန်းချက်အတိုင်း ၂၀၂၆ ကမ္ဘာ့ဖလားချန်ပီယံဆုကို ဆွတ်ခူးသွားမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ဝဲပုံ) (NGB)

## ရာဖီကီဆာအိဒ်ကို ဝုဖ်အသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၁၄**

လိဂ်ချန်ပီယံရှစ်ကလပ် ဝုဖ်အသင်းသည် ဘယ်လ်ဂျီယံကလပ် Standard Liege အသင်း တောင်ပံကစားသမား ရာဖီကီဆာအိဒ်ကို ယူရို ၉သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။



အသက်(၂၆)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဝုဖ်အသင်းနှင့်အတူ ၂၀၂၉ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

တောင်ပံကစားသမား ရာဖီကီဆာအိဒ်သည် Standard Liege အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၇ ပွဲ ကစားကာ ရှစ်ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝုဖ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဝုဖ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားလေးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

(ဝဲပုံ) (NGB)

## 2026 Wimbledon အမျိုးသားတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Jannik Sinner ဆွတ်ခူး

**လန်ဒန် ဇူလိုင် ၁၄**

အင်္ဂလန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Wimbledon တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အီတလီတင်းနစ်ကစားသမား Jannik Sinnerက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ အီတလီတင်းနစ်ကစားသမား Jannik Sinner သည် 2026 Wimbledon တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဂျာမနီတင်းနစ်ကစားသမား Alexander Zverev ကို ၆-၇၊ ၇-၆၊ ၆-၃၊ ၆-၄ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ Jannik Sinner က 'အခုလို 2026 Wimbledon တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော့်နိုင်ငံအတွက်လည်း အကောင်းဆုံး ဂုဏ်ဆောင်နိုင်ခဲ့ပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေ ထပ်မံရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ'ဟု ပြောသည်။ (အောက်ပုံ)

(NGB)



## နည်းပြ ပါပီသီယော်ကို နည်းပြရာထူးမှ ဆီနီဂေါ်အသင်း ထုတ်ပယ်

**လန်ဒန် ဇူလိုင် ၁၄**


ဆီနီဂေါ်အသင်းသည် အသင်းနည်းပြ ပါပီသီယော်ကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

ဆီနီဂေါ်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီး ရက်ပိုင်းအကြာမှာပင် နည်းပြ ပါပီသီယော်ကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ပါပီသီယော်သည် ဆီနီဂေါ်အသင်းကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၂၉ ပွဲတွင် ၁၉ ပွဲနိုင်၊ လေးပွဲသရေ၊ ခြောက်ပွဲရှုံး ရလဒ် ပိုင်ဆိုင်ခဲ့သည်။

ဆီနီဂေါ်အသင်း၏ထုတ်ပြန်ချက်တွင် 'နည်းပြ ပါပီသီယော်ကို ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦးကို အမြန်ဆုံး ရှာဖွေခန့်အပ်သွားမှာပါ'ဟု ထုတ်ပြန်သည်။

(အောက်ပုံ) (NGB)



## လီယာခါလီဗီ ဂျူဗင်တပ်အမျိုးသမီးအသင်းတွင် ကျောနံပါတ် (၂၆)ဂျာစီကို ဝတ်ဆင်ကစားသွားမည်

**တူရင် ဇူလိုင် ၁၄**

ကွင်းလယ်ကစားသမား လီယာခါလီဗီ ဂျူဗင်တပ်အမျိုးသမီးအသင်းတွင် ကျောနံပါတ် (၂၆)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် နန့်တက်စ်အမျိုးသမီးအသင်းမှ ဂျူဗင်တပ်အမျိုးသမီးအသင်းသို့ နှစ်နှစ်စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား လီယာခါလီဗီသည် နန့်တက်စ်အမျိုးသမီးအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၂၂ ပွဲကစားပြီး ကိုးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်အမျိုးသမီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၇)နှစ်ရှိ လီယာခါလီဗီက 'ကျွန်မ ဂျူဗင်တပ်အမျိုးသမီးအသင်းမှာ ကျောနံပါတ်(၂၆) ဂျာစီကို ဝတ်ဆင်ကစားသွားမှာပါ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေ များစွာရရှိအောင်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ'ဟု ပြောသည်။

(NGB)

### ဘောလုံးသတင်းအတိုအထွာများ

* မေဂျာလိဂ်ကလပ် စပို့တင်းကန်ဆက်စ်စီးတီးအသင်းသည် လီဗာပူးအသင်းမှ ထွက်ခွာခဲ့သည့် တိုက်စစ်မှူး ဆာလာကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

* ဟော့ဖန်ဟိမ်းအသင်းသည် အန်းဒါလက်ချ်အသင်း ကွင်းလယ်ကစားသမား နာသန်ဒီကတ်ကို ၂၀၃၁ ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့သည်။

(NGB)

### ၂၀၂၆ ကမ္ဘာ့ဖလား ဆီမီးဖိုင်နယ်ပွဲစဉ်များ နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|
| ၁၆-၇-၂၀၂၆<br>နံနက် ၀၁:၃၀ နာရီ | အင်္ဂလန် - အာဂျင်တီးနား | အင်္ဂလန် ၁-၀ အာဂျင်တီးနား<br>(၇-၆-၂၀၀၂ ကမ္ဘာ့ဖလားပြိုင်ပွဲ) |

# မဟာဂန္ဓာရုံကျောင်းတိုက်အတွင်းရှိ မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဂန္ဓကုဋိတိုက်ဘုရားကျောင်းတော် အသစ်တစ်ဖန်ဆောက်လုပ်လှူဒါန်းခြင်း ရေစက်သွန်းချအလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ





**မန္တလေး ဇူလိုင် ၁၄**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် အမရပူရမြို့နယ်၊ မဟာဂန္ဓာရုံကျောင်းတိုက်အတွင်းရှိ ထိခိုက်ပျက်စီးခဲ့သည့် ဂန္ဓကုဋိတိုက် ဘုရားကျောင်းတော်အား အသစ်တစ်ဖန်ဆောက်လုပ်လှူဒါန်းခြင်း ရေစက်သွန်းချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက မဟာဂန္ဓာရုံကျောင်းတိုက်အတွင်းရှိ အဆိုပါ ဂန္ဓကုဋိတိုက်ဘုရားကျောင်းတော်တွင်ကျင်းပရာ ဦးစွာ ဆရာတော်၊ သံဃာတော်များက ဂန္ဓကုဋိကျောင်းတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို အနေကဇာတင်ပူဇော်ကြပြီး နိုင်ငံတော်သြဝါဒါစရိယ၊ သီတဂူကမ္ဘာ့တက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ၊ သောဠသမ ရွှေကျင်သာသနာပိုင်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တဉာဏိဿရ သီတဂူဆရာတော်ကြီး အမှူးပြုပြီး နိုင်ငံတော်သြဝါဒါစရိယ အမရပူရမဟာဂန္ဓာရုံ ကျောင်းတိုက်မဟာနာယကချုပ် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဉာဏဗ္ဘာသာဘိဝံသ၊ မဟာဂန္ဓာရုံကျောင်းတိုက်၏ မဟာနာယက ဆရာတော်ကြီးများနှင့် နာယကဆရာတော်များ ကြွရောက်ချီးမြှင့်တော်မူသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဌာနဆိုင်ရာများ၊ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြပြီး အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ဆက်လက်၍ နိုင်ငံတော်သြဝါဒါစရိယ၊ သီတဂူကမ္ဘာ့တက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ၊ သောဠသမ ရွှေကျင်သာသနာပိုင်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ သီတဂူဆရာတော်ကြီးထံက ကိုးပါးသီလခံယူဆောက်တည်ကြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြပြီးနောက် ဆရာတော်၊ သံဃာတော်များရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်အား ဧည့်ပရိသတ် အပေါင်းက နာယူကြည်ညိုကြသည်။

၎င်းနောက် နိုင်ငံတော် သြဝါဒါစရိယ၊ သီတဂူကမ္ဘာ့ တက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ၊ သောဠသမ ရွှေကျင်သာသနာပိုင်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တဉာဏိဿရ သီတဂူဆရာတော်ကြီးထံက အနုမောဒနာနှင့် ရေစက်ချတရား နာယူကြည်ညိုကြပြီးနောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အောင်မြင်စွာရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ ဂန္ဓကုဋိ ဘုရားကျောင်းတော် လှူဒါန်းခြင်းမော်ကွန်း ကမ္ပည်းအား အမွှေးနံ့သာရည်များပက်ဖျန်းခဲ့ပြီးနောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အမရပူရမြို့နယ်ရှိ ၁၇၈၅ ခုနှစ်က တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌောမဟာသိမ်တော်ကြီးသို့ သွားရောက်ပြီး ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများနှင့် ပြန်လည်ပြုပြင်မွမ်းမံသွားနိုင်ရန် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**





## အခြေခံပညာကျောင်းများ၌ စာပတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲကျင်းပ

**ချောက် ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်တွင် အခြေခံပညာဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၁၀နာရီက အ·မ·က(၈၀) မူလွန် ရွှေသူဌေးကုန်းကျောင်း၌ ကျင်းပခဲ့သည်။

ရေးဦးစွာမူလွန်ရွှေသူဌေးကုန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ခိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်က ကျောင်းသား၊ ကျောင်းသူများ စာဖတ်ခြင်းဖြင့်ရရှိလာမည့် အကျိုးကျေးဇူးများ၊ စာဖတ်ပုံ၊ စာဖတ်နည်းနှင့် လွယ်ကူစွာဖတ်မှတ်လေ့လာနိုင်မည့် နည်းလမ်းများကိုလည်းကောင်း၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံ ဒေါ်မြတ်မြတ်မိုးက စားသုံးရန်မသင့်သော အစားအစာများနှင့် ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာဖော်ပြပါရှိသည့် အစားအသောက်များကိုသာ ရွေးချယ် ဝယ်ယူစားသောက်ရေးအကြောင်းကိုလည်းကောင်း အသီးသီး ဟောပြောခဲ့ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေးနှင့် လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးအသိပညာပေး နံရံကပ်စာစောင်ပြသခြင်း၊ ကျောင်းသား၊ ကျောင်းသူများ မိမိတို့၏ ကိုယ်ပိုင်အားလပ်ချိန်များတွင် အလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်စေရန်၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ အသိပညာဗဟုသုတများတိုးပွားစေရန် စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်းကို ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်စာစောင်ငှားရမ်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ **(ယာပုံ)**



ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်မြတ်မြတ်မိုးက ကျောင်းသား၊ ကျောင်းသူများ ဘေးအန္တရာယ်ကင်းသော အစားအစာများသာ ဝယ်ယူရရှိနိုင်ရေး အ·မ·က (၈၀)မူလွန်၊ ရွှေသူဌေးကုန်းကျောင်းရှိ ရောင်းချသော မုန့်ဈေးဆိုင်အား စားသုံးသူ အန္တရာယ်ကင်းရှင်းစေရေး စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကျော်မိုး(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးမြို့ဝင်၊ မြို့ထွက် မြို့ပတ်လမ်းများအား ကွင်းဆင်းစစ်ဆေး





**မန္တလေး ဇူလိုင် ၁၄**

မန္တလေးမြို့မှ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကုန်စည်စီးဆင်းမှုများ ချောမွေ့စေရေးနှင့် ခရီးသွားပြည်သူများ အဆင်ပြေသွားလာနိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တိုက်ရိုက်သွားလာနိုင်သည့် မန္တလေးမြို့ဝင်၊ မြို့ထွက် အဓိကလမ်းမကြီးများနှင့် မြို့ပတ်လမ်းများအား တိုးချဲ့ခြင်း၊ ပြုပြင်ခြင်းနှင့် အဆင့်မြှင့်တင်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက မန္တလေးမြို့ဝင်၊ မြို့ထွက် မြို့ပတ်လမ်းများကို ကွင်းဆင်းစစ်ဆေးရာ အောင်မြေသာစံမြို့နယ်ရှိ မန္တလေး-မတ္တရာကားလမ်း ရွှေကျင်လမ်းဆုံ၊ ၎င်းနောက် မန္တလေးမြို့ပတ် ဇရာဝတီကမ်းနားလမ်းတစ်လျှောက်၊ အမရပူရမြို့နယ် အိုးတုတ္တန်းလမ်းတစ်လျှောက်နှင့် ရန်-မန်းလမ်း ၃၅၈ မိုင် ၃ ဖာလုံရှိ ဆေးအိုးဘိုအဝိုင်းပတ်အထိ လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့ရှောင်လမ်းအဖြစ် ဆောင်ရွက်နိုင်မည့်လုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

## မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဝန်ထမ်းများအား နှလုံးကျန်းမာရေးစစ်ဆေးပေး

**မန္တလေး ဇူလိုင် ၁၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဌာနအသီးသီးမှ ဝန်ထမ်းများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ နှလုံးကျန်းမာရေးစစ်ဆေးပေးခြင်းကို ယနေ့နေ့လယ်ပိုင်းက မန္တလေးပြည်သူ့ဆေးရုံကြီးရှိ နှလုံးညှစ်အားနည်းရောဂါ ပြင်ပလူနာဌာန၌ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးမှုကို မန္တလေးပြည်သူ့ဆေးရုံကြီးမှ နှလုံးအထူးကုဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ပြီး ဝန်ထမ်းများအား နှလုံးရောဂါနှင့်ဆက်စပ်သည့် ကျန်းမာရေးအခြေအနေများကို စနစ်တကျစစ်ဆေးပေးခြင်း၊ လိုအပ်သည့် ကျန်းမာရေးအကြံပြုချက်များပေးခြင်းနှင့် ဆက်လက်ကုသမှုလိုအပ်သူများအား ဆေးကုသမှုခံယူနိုင်ရေး လမ်းညွှန်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် နှလုံးလျှပ်စစ်မှတ်တမ်း (Electrocardiogram-ECG)ကို ၂၄ နာရီကြာ ဆက်တိုက်မှတ်တမ်းတင်နိုင်သည့် Holter Monitor စက်ကို တပ်ဆင်၍ နှလုံးခုန်နှုန်း၊ နှလုံးစည်းချက်မမှန်ခြင်း၊ ရုတ်တရက်ဖြစ်ပေါ်တတ်သည့် နှလုံးလျှပ်စစ်ပြောင်းလဲမှုများနှင့် နေ့စဉ်လှုပ်ရှားမှုအတွင်း ဖြစ်ပေါ်သည့် နှလုံးလုပ်ဆောင်ချက်များကို အသေးစိတ်မှတ်တမ်းတင်စစ်ဆေးပေးခဲ့သည်။



Holter Monitor ဖြင့် စစ်ဆေးခြင်းသည် ပုံမှန် ECG စစ်ဆေးမှုတစ်ကြိမ်တည်းဖြင့် မတွေ့ရှိနိုင်သည့် နှလုံးစည်းချက်မမှန်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ နှလုံးခုန်နှေးခြင်းနှင့် ရုတ်တရက်ဖြစ်ပေါ်တတ်သည့် နှလုံးဆိုင်ရာလက္ခဏာများကို သိရှိနိုင်သဖြင့် ရောဂါရှာဖွေဖော်ထုတ်ရာတွင် အထောက်အကူပြုကြောင်း သိရသည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးပေးခြင်းသည် ဝန်ထမ်းများ၏ နှလုံးကျန်းမာရေးအခြေအနေကို စောစီးစွာသိရှိနိုင်ရန်၊ ရောဂါဖြစ်ပွားမှုအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရန်နှင့် လိုအပ်ပါက အချိန်မီကုသမှုခံယူနိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် လူမှုဖူလုံရေးဆိုင်ရာ လုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိပြီး ယင်းကဲ့သို့ ကျန်းမာရေးစစ်ဆေးပေးခြင်းအစီအစဉ်များကိုလည်း သက်ဆိုင်ရာ ကျန်းမာရေးဌာနများနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-ဓ)

**သင့်သွေးဖြင့် အသက်ကယ်ပါ။**





## မန္တလေးမြို့၌ အခွန်ဆိုင်ရာလူထုလှုပ်ရှားမှု (Tax Awareness Campaign) အခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၁၄**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ကျင်းပသည့် အခွန်ဆိုင်ရာအသိပညာတိုးတက်ပြန့်ပွားရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှု တိုးတက်ရေးလူထုလှုပ်ရှားမှု (Tax Awareness Campaign) အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးသိန်းဌေး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဝန်ကြီး ဦးသိန်းဌေးက ပြောကြားရာတွင် နိုင်ငံတော်ဘဏ္ဍာငွေ တောင့်တင်းခိုင်မာရေးအတွက် အခွန်စီမံခန့်ခွဲမှုကဏ္ဍကို ပြုပြင်ပြောင်းလဲလျက်ရှိကြောင်း၊ ကောက်ခံရရှိသည့် အခွန်ငွေများကို ပြည်သူများအတွက် လိုအပ်သော ကျောင်း၊ ဆေးရုံ၊ လမ်းတံတားစသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများ၏ လစာစရိတ်များတွင် ဥပဒေနှင့်အညီ အသုံးပြုနေခြင်းဖြစ်ကြောင်း အလေးပေးပြောကြားသည်။

ထို့ပြင် အစိုးရ၏ ရက်(၁၀၀) စီမံချက်အဖြစ် ဇူလိုင် ၈ ရက်မှ ၁၇ ရက်နေ့အထိ ဆောင်ရွက်နေသည့် ယခုလှုပ်ရှားမှုသည် အခွန်ထမ်းများနှင့် အခွန်ဌာနအကြား ယုံကြည်မှု တံတားတစ်စင်းဖြစ်ကြောင်း၊ လက်ရှိတွင် အခွန်ဝန်ဆောင်မှုများကို ဒီဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်နေပြီဖြစ်၍ တစ်ဦးချင်းပုဂ္ဂိုလ် အခွန်ထမ်းများနှင့် ကုမ္ပဏီအခွန်ထမ်းများအနေဖြင့် အခွန်ဆိုင်ရာ လုပ်ငန်းများကို အီလက်ထရောနစ် နည်းလမ်းများဖြင့် ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ထည့်သွင်းပြောကြားသည်။

၎င်းနောက် တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးတက်ထွန်းအောင်က အခွန်ဆိုင်ရာသိကောင်းစရာများကိုလည်းကောင်း၊ ပြည်တွင်း အခွန်များဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခွန်ဇာလွင်က ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေပါအကြောင်းအရာများကိုလည်းကောင်း၊ ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသည့် အခွန်ထမ်းပြည်သူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးစီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ စက်မှုလက်မှုလုပ်ငန်းအသင်းအဖွဲ့အသီးသီးများမှ ဥက္ကဋ္ဌများနှင့်စီးပွားရေးလုပ်ငန်းရှင်ကြီးများ စုစုပေါင်း ၄၀၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)

## ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ




**လယ်ဝေး ဇူလိုင် ၁၄**

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း (Public Talk) ကို ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီက ညိုပင်ကျေးရွာဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းထွန်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်ဝေကြည်စန်းအောင်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းငွေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး အေးကျော်၊ ခုတင်(၁၀၀)ဆေးရုံအုပ် ဒေါက်တာနန္ဒာကျော်၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဝင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်တို့က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးကြသည်။ (ဝဲပုံ)

ထို့နောက် ပြည်သူ့စကားဝိုင်းသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများက မိမိတို့ ရပ်ရွာအတွင်း လိုအပ်ချက်များကို မေးမြန်းခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်း

**မြို့သစ် ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြို့သစ်မြို့နယ် မြေပြင်သာကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့သည်။

စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိဇွန်က တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ကျေးရွာနေပြည်သူများ အလွယ်တကူ စာပေဖတ်ရှုနိုင်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာအုပ်၊ စာစောင်များ လှူဒါန်းရခြင်းဖြစ်ကြောင်း၊ စာအုပ်၊စာစောင်များကို မပျက်စီး၊ မပျောက်ဆုံးအောင် ကော်မတီဝင်များမှ ထိန်းသိမ်းရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှလှူဒါန်းသည့် စုစုပေါင်း ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ သုတ ရသစာအုပ်၊ စာစောင် ၁၃၅ အုပ်အား မြေပြင်သာကျေးရွာ "ပညာဘဏ်တိုက်" စာကြည့်တိုက် ကော်မတီဝင်များထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**ဝင်းအိဇွန်(ပြန်/ဆက်)**





## လူငယ်ရေးရာအသိပညာပေးဟောပြော

**တောင်တွင်းကြီး ဇူလိုင် ၁၄**

ကျောင်းသား၊ ကျောင်းသူလူငယ်များ အသိပညာဗဟုသုတကြွယ်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်လူရွယ်များပေါ်ထွန်းလာစေရန်ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မကွေးတိုင်းဒေသကြီး၊တောင်တွင်းကြီးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျွမ်းကျင်(၂) ဓာတ်ပုံ ဦးမျိုးသိန်းက ကျောင်းသားလူငယ်များ ရည်မှန်းချက်ထားကြိုးစားရန်၊ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလတို့နှင့် ပြည့်စုံဖွံ့ဖြိုးလာအောင် ကြိုးစားပြုစုပျိုးထောင် အားထုတ်ကြရန်လိုပါကြောင်း၊ ကျောင်းနေအရွယ်လွန်ပြီးနောက် လူသားတစ်ဦးအနေဖြင့် အဆိုပါဗလငါးတန်ရှင်သန်ကြီးထွား ကြီးပွားဖွံ့ဖြိုးတိုးတက်အောင် ကျောင်းသား၊ ကျောင်းသူလူငယ်များ ကိုယ်တိုင်က သင်ယူလေ့လာဆည်းပူးခြင်း၊ ဖြည့်ဆည်းပျိုးထောင်ခြင်းတို့ဖြင့် အစဉ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အသိပညာပေး ဟောပြောခဲ့သည်။

အဆိုပါ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲသို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၀၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**နောင်နောင်(မိဿနီးမြေ)**

ပတ်စရာ၊ မှတ်စရာ စုံလင် ယနေ့အလင်း

## ဝါဆိုလပြည့်နေ့

* ဝါဆိုလပြည့် ရက်မဟာ
ဘုရားရတနာ ပွင့်ထွန်းလာ
ဓမ္မစကြာ တရားဦး
ဟောဖော်ခဲ့တာ နေ့မြတ်ထူး ။

* ဖူးငုံဝမ်းကြာ တည်သန္ဓေ
မြတ်စွာဘုရား ယူခဲ့ပေ
ပြတော်မူပေ တန်ခိုးပြာဋိ
တရားပိုင်ရှင် အစစ်ဖြစ်၏ ။

* ပေဟိ-ဘိက္ခု စကားတော်
စတင်ကြားရ နေ့ထူးနော်
တောထွက်တော်မူ မြတ်ဘုရား
အရိယာလမ်း လျှောက်လှမ်းသွား ။

* တရားရတနာ မြတ်သံဃာ
စတင်ပေါ်ထွန်း ထူးခြားစွာ
လမြတ်ဝါဆို သည်လပြည့်
အထွတ်မြတ်ထား ဘယ်မမေ့
ဓမ္မစကြာနေ့ ဝါဆိုလပြည့်နေ့ ။ ။

**မောင်မောင်လင်းထွဋ်**
**(နန်းတော်ရှေ့)**

## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျွန်းလှ ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ စာပေဖတ်ရှုသည့် အလေ့အကျင့်ရှိပြီး အသိပညာဗဟုသုတကြွယ်ဝစေရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက အင်းကောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပခဲ့သည်။ (ယာပုံ)

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ရေးဦးစီးဌာန ရုပ်သံကျွမ်းကျင်(၃) ဒေါ်လှလေးစိန်က စာပေဖတ်ရှုခြင်းဖြင့်ရရှိမည့် အကျိုးကျေးဇူးများ၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားမှူး ဒေါ်နွယ်နွယ်ထွန်းက အားကစားဆိုင်ရာများ၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဦးသီဟမင်းခိုင်က မီးကြိုတင်ကာကွယ်ရေးအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ကျွန်းလှမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်၊စာစောင်များ၊ ကလေးအလုပ်သမားပပျောက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် နံရံကပ်စာစောင်၊ ဓာတ်ပုံများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာမှတ်သားကြပြီး ဉာဏ်စမ်းမေးခွန်းဖြေနိုင်သူများအား ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၈၀)





## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ငွေတောင်ရပ်ကွက်၊ အကွက်အမှတ်(၅၂၂/ငွေတောင်ကွင်း)၊ ဦးပိုင်အမှတ်(၇/၇၂၂)၊ ဧရိယာ (၀ ဒသမ ၀၈၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော ၁။ ဒေါ်ဆွေလင်း(ဘ) ဦးသောင်းညွန့်(၉/ပသက(နိုင်)၀၂၈၀၈၉)နှင့် ၂။ ဒေါ်ဝင်းဝင်းရွှေ(ဘ)ဦးမိုးဇော်(၉/ပသက(နိုင်)၀၂၈၀၈၇)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် လက်ရောက် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

